# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၂ ရက် | ၂၀၂၅ ခုနှစ်၊ မေ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ်(၂၃၆)


**ဗြာဟ္မဏ**

နက်နဲသောပညာ ရှိသော၊ ထက်မြက်သောပညာ ရှိသော၊ လမ်းမှန်ဟုတ်သည် မဟုတ်သည်၌ လိမ္မာသော၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

ဗြာဟ္မဏဝဂ်(ဓမ္မပဒ-၄၀၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် အလုပ်သမားဝန်ကြီးဌာန ရုံးအဆောက်အအုံ ထိခိုက်ပျက်စီးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဝန်ကြီးရုံးအဆောက်အအုံများကို ကြည့်ရှုစစ်ဆေး

## ရုံးအဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးမှုရှိစေရေးဆောင်ရွက်

နေပြည်တော် မေ ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ ညနေပိုင်းတွင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး အဆောက်အအုံနှင့် အလုပ်သမားဝန်ကြီးဌာန ရုံးအဆောက်အအုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

**ယနေ့ ဖတ်စရာ**


နိုင်ငံ့ဝန်ထမ်းဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း — ဥပဒေ — စာ ၄

ပညာနှင့်ဘဝ တစ်ထပ်တည်းကျသည့် ပညာတတ်များရှိမှသာလျှင် ... — ဆောင်းပါး — စာ ၆

နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ — ပြည်တွင်းသတင်း — စာ ၁၂

# တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် သတင်းမှန် အချိန်မီပေးပို့ခြင်းဖြင့် ပူးပေါင်းပါဝင်

တရားမဝင်ကုန်သွယ်မှု ကြီးထွားနေပါက တရားဝင်ကုန်သွယ်မှုကို ထိခိုက်စေသလို ပြည်တွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကိုလည်း ဆုံးရှုံးနစ်နာစေသည်ဟု သာမန်အားဖြင့် ဆိုနိုင်သည်။ သို့ရာတွင် ပြည်တွင်း၌လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုများရှိနေပြီး ဒေသအချို့၌ တည်ငြိမ်အေးချမ်းမှု မရှိသည့် အခြေအနေမျိုးတွင်မူ တရားမဝင်ကုန်သွယ်မှုများက လက်နက်ကိုင်ဆူပူသောင်းကျန်းမှုများကို မီးလောင်ရာ လေပင့်ပေးသကဲ့သို့ ပိုမိုဆိုးရွားလာစေနိုင်သည်။

"တရားမဝင်ကုန်သွယ်မှုများသည် ရာဇဝတ်ကျူးလွန်မှု၊ အကြမ်းဖက်အဖွဲ့အစည်းများအပေါ် ငွေကြေးထောက်ပံ့မှု အပါအဝင် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကိုပါ ထိခိုက်စေသည့်အတွက် သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများအနေဖြင့် တရားမဝင် ကုန်သွယ်မှုများကို ပြတ်ပြတ်သားသား တိုက်ဖျက်ဆောင်ရွက်သွားရန်" ယခုနှစ် မတ်လ ၁၉ ရက်တွင် ကျင်းပသည့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လမ်းညွှန်မှာကြားခဲ့သည်။ မိမိတို့နိုင်ငံသည် အိမ်နီးချင်းနိုင်ငံ ငါးနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေပြီး မြေမျက်နှာပြင် အနေအထားအရလည်းကောင်း၊ နယ်မြေလုံခြုံရေး အခြေအနေများအရလည်းကောင်း တရားမဝင် ကုန်သွယ်မှုများကို လုံးဝပိတ်ဆို့တားဆီးနိုင်ရန် ခက်ခဲသည်။ သို့ရာတွင် တရားမဝင် ကုန်သွယ်မှုလမ်းကြောင်းများမှပင် မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများလည်း ဖြတ်သန်းသယ်ဆောင်နေကြခြင်းဖြစ်ရာ ထိထိရောက်ရောက် စစ်ဆေးဖော်ထုတ် ဖမ်းဆီးနိုင်ရန်လိုသည်။

တရားမဝင်ကုန်သွယ်မှုများကို နှစ်အလိုက်ဖမ်းဆီးနိုင်မှု တန်ဖိုးများအရ ၂၀၂၂ ခုနှစ်တွင် ကျပ် ၆၅ ဘီလီယံဖိုး၊ ၂၀၂၃ ခုနှစ်တွင် ကျပ် ၁၃၅ ဘီလီယံကျော်ဖိုး၊ ၂၀၂၄ ခုနှစ်တွင် ကျပ် ၂၂၃ ဘီလီယံဖိုး စသည်ဖြင့် တစ်နှစ်ထက်တစ်နှစ် တိုးတက်ဖမ်းဆီးနိုင်ခဲ့သော်လည်း အိမ်နီးချင်းနိုင်ငံများ၏ ကုန်သွယ်မှုပို့ကုန်၊ သွင်းကုန်ခြားနားချက်များအရ နောက်ထပ်ပမာဏများစွာ ဖမ်းဆီးနိုင်ရန်လိုအပ်နေသည်ဟု သိရသည်။ "အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံအနက် မြန်မာနိုင်ငံအနေဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် အဆင့် ၉ သာရရှိနေသည်ကို တွေ့ရှိရသည့်အတွက် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ကြောင်း" တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၅) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက ပြောကြားခဲ့သည်။ သို့ဖြစ်ရာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကိုပါ ထိခိုက်စေသည့်အပြင် အမျိုးသားရေးဂုဏ်သိက္ခာအရပါ မဖြစ်မနေ အောင်မြင်အောင် ဆောင်ရွက်ကြရမည့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် သတင်းရရှိရေးသည် အဓိကပင်ဖြစ်ရာ တိကျခိုင်လုံသည့် သတင်းအမှန်ကို သက်ဆိုင်ရာက အချိန်မီရရှိရန်လိုသည်။ သတင်းပေးပြည်သူများက သတင်းပေးသည့်အတွက် ဖမ်းဆီးရရှိသည့်အမှုအပေါ်မူတည်၍ နိုင်ငံတော်က အကျိုးအမြတ်များ ထောက်ပံ့ပေးခြင်း၊ ဂုဏ်ပြုချီးမြှင့်ပေးခြင်း စသည့် ခံစားခွင့်များကို ဆောင်ရွက်ပေးလျက်ရှိသည်။ ပြီးခဲ့သည့်ဧပြီလအတွင်း တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုကြောင့် ဖမ်းဆီးရမိမှုတန်ဖိုးငွေ ခန့်မှန်းခြေအားဖြင့် ကျပ် ၁၀၅၉၂ ဒသမ ၈၅၄ သန်းရှိခဲ့ရာ ၎င်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၂၁၁၈ ဒသမ ၅၇၀ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးခဲ့သည်ဟု သိရသည်။ တရားမဝင် ကုန်သွယ်မှုသတင်းများနှင့်စပ်လျဉ်း၍ လက်ကိုင်ဖုန်း ၀၉-၄၀၄၃၃၉၉၆၉၉၊ အော်တိုတယ်လီဖုန်း ၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပို့တိုင်ကြားနိုင်ကြသည်။ နိုင်ငံအတွက် အဘက်ဘက်မှ နစ်နာဆုံးရှုံးစေသည့်အပြင် ပြည်တွင်းတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကိုပါ ထိခိုက်စေသည့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် လူတိုင်းပါဝင်ကြရပါမည့်အကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာ ရီရီဦး<br>ပါမောက္ခချုပ်<br>ကျောက်ဆည်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>စစ်တွေတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာ လဲ့လဲ့ဝေ<br>ပါမောက္ခချုပ်<br>ဇန်းမော်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကျောက်ဆည်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

### ၂၇ - ၅ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ဂရမ်) ၏ ဈေးနှုန်းမှာ ၅၇၆၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ




### လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်

နေပြည်တော် မေ ၂၇

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၄ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈ - ၅ - ၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၇၀ | ၂၉၀၅ | ၂၉၅၀ | ၂၈၈၅ | ၂၉၉၀ | ၃၀၀၅ | ၃၀၂၀ | ၂၉၄၀ | ၄၅၀၅ | ၃,၂၃၅ | ၂၉၅၅ | ၂၉၆၀ | ၃၀၃၀ | ၂၉၈၅ | ၃၀၀၅ | ၃,၂၇၀ |
| 95 Ron | ၂၉၂၅ | ၃၀၄၀ | ၃၀၀၅ | ၂၉၄၀ | ၃၀၄၅ | ၃၀၆၀ | ၃၀၈၀ | ၂၉၈၅ | ၄၅၆၀ | ၃,၂၉၀ | ၃၀၁၅ | ၃၀၁၅ | ၃၀၈၅ | ၃၀၅၀ | ၃၀၇၀ | ၃၃၃၀ |
| HSD (500 ppm) | ၂၄၄၀ | ၂၅၅၅ | ၂၅၂၀ | ၂၄၅၅ | ၂၅၆၀ | ၂၅၇၅ | ၂၅၈၅ | ၂၅၁၀ | - | ၂၈၀၅ | ၂၅၃၀ | ၂၅၃၀ | ၂၆၀၀ | ၂၅၆၅ | ၂၅၈၅ | ၂၈၄၅ |
| HSD (50 ppm) | ၃၀၀၅ | ၃၁၃၀ | ၃၀၉၅ | ၃၀၃၀ | ၃၁၃၅ | ၃၁၅၀ | ၃၁၆၅ | ၃၀၈၅ | ၄၈၃၀ | ၃၃၈၀ | ၃၁၀၅ | ၃၁၀၅ | ၃၁၇၅ | ၃၁၄၀ | ၃၁၆၀ | ၃၄၂၀ |
| HSD (10 ppm) | ၃၀၀၅ | ၃၁၃၀ | ၃၀၉၅ | ၃၀၃၀ | ၃၁၃၅ | ၃၁၅၀ | ၃၁၆၅ | ၃၀၈၅ | - | ၃၃၈၀ | ၃၁၀၅ | ၃၁၀၅ | ၃၁၇၅ | ၃၁၄၀ | ၃၁၆၀ | ၃၄၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၀၄ | ၂၇၉၁ |
| 95 Ron | ၂၇၅၉ | ၂၈၄၇ |
| HSD (500 ppm) | ၂၂၈၈ | ၂၃၆၄ |
| HSD (50 ppm) | ၂၈၄၅ | ၂၉၃၂ |
| HSD (10 ppm) | ၂၈၄၅ | ၂၉၃၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၁၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

*※ ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး အဆောက်အအုံသို့ရောက်ရှိကြပြီး အပျက်အစီးများ ဖယ်ရှားရှင်းလင်းပြီးစီးမှု၊ အန္တရာယ်ရှိသည့် အပျက်အစီးများကို ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့် ရုံးခန်းအဆောက်အအုံများ၌ ထိခိုက်ပျက်စီးမှု၊ ရုံးအဆောက်အအုံရှေ့၌ Prefabricated Office များဖြင့် ယာယီရုံးခန်းများ ဖွင့်လှစ်၍ ရုံးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် အလုပ်သမားဝန်ကြီးဌာန၌ Prefabricated Office များဖြင့် ယာယီရုံးခန်းများ ဖွင့်လှစ်၍ လုပ်ငန်းများပြတ်တောက်မှုမရှိစေရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရုံးခန်းများအလိုက် လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အလုပ်သမားဝန်ကြီးဌာန ရုံးအဆောက်အအုံပတ်လမ်းအတိုင်း ထိခိုက်ပျက်စီးနေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ငလျင်ဆိုင်ရာပညာရှင်များ၊ ဆောက်လုပ်ရေးဆိုင်ရာ ပညာရှင်များဖြင့် စစ်ဆေးချက်များအရ ရုံးအဆောက်အအုံအား အပိုင်းလိုက် ပြန်လည်ပြုပြင်တည်ဆောက်နိုင်မည့် အခြေအနေများ၊ ဖြိုချဖျက်ဆီးရမည့်အပိုင်းများကို စနစ်တကျ ဖြိုချဖျက်ဆီးသွားမည့်အခြေအနေများ၊ ရုံးအနောက်ဘက်ခြမ်း၌ မြေထိန်းနံရံကို စနစ်တကျ ဆောင်ရွက်သွားရန်လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအဆောက်အအုံ ထိခိုက်ပျက်စီးနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး အဆောက်အအုံရှေ့၌ Prefabricated Office များဖြင့် ယာယီရုံးခန်းများ ဖွင့်လှစ်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

❝ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး အဆောက်အအုံနှင့် အလုပ်သမားဝန်ကြီးဌာန ရုံးအဆောက်အအုံတို့သည် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုကြီးမားခဲ့ရသည့် အဆောက်အအုံများစာရင်း၌ပါဝင်၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်ခိုင်ခံ့မှုရှိစေရန်နှင့် ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများဖြစ်စေရေးအတွက် ငလျင်ဆိုင်ရာပညာရှင်များ၊ ဆောက်လုပ်ရေးဆိုင်ရာပညာရှင်များ၏ အကြံဉာဏ်များရယူခြင်း၊ မြေအရည်အသွေးစမ်းသပ်စစ်ဆေးခြင်း၊ စနစ်တကျတွက်ချက်၍ တည်ဆောက်ခြင်းများကို ဆောင်ရွက် ❞

## မြန်မြန်ဆန်ဆန်ဆောင်ရွက်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး အဆောက်အအုံနှင့် အလုပ်သမားဝန်ကြီးဌာန ရုံးအဆောက်အအုံတို့သည် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုကြီးမားခဲ့ရသည့် အဆောက်အအုံများစာရင်း၌ ပါဝင်ကြောင်း၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်ခိုင်ခံ့မှုရှိစေရန်နှင့် ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများဖြစ်စေရေးအတွက် ငလျင်ဆိုင်ရာပညာရှင်များ၊ ဆောက်လုပ်ရေးဆိုင်ရာပညာရှင်များ၏ အကြံဉာဏ်များရယူခြင်း၊ မြေအရည်အသွေးစမ်းသပ်စစ်ဆေးခြင်း၊ စနစ်တကျတွက်ချက်၍ တည်ဆောက်ခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ကနဦးဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို မြန်မြန်ဆန်ဆန်ဆောင်ရွက်၍ ရုံးအဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးမှုရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အလုပ်သမားဝန်ကြီးဌာန၌ Prefabricated Office များဖြင့် ယာယီရုံးခန်းများဖွင့်လှစ်၍ လုပ်ငန်းများပြတ်တောက်မှုမရှိစေရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံ့ဝန်ထမ်းဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံ့ဝန်ထမ်းဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**

**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၃၉ / ၂၀၂၅ )**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

( ၂၀၂၅ ခုနှစ်၊ မေလ ၂၇ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံ့ဝန်ထမ်းဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဇ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(ဇ) ရာထူးဝန်အဖွဲ့က ရာထူးအဆင့်အလိုက်သတ်မှတ်ထားသော သင်တန်းများအပြင် ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းက ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးတာဝန်အတွက် ရည်ရွယ်ဖွင့်လှစ်သော အဆင့်မြင့်သင်တန်းများကိုလည်း တက်ရောက်ခြင်း။”

**ရှင်းလင်းချက်။** ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးတာဝန်အတွက် ရည်ရွယ်ဖွင့်လှစ်သော အဆင့်မြင့်သင်တန်းဆိုသည်မှာ ယင်းရာထူးတာဝန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့က အသိအမှတ်ပြုသောသင်တန်းကို ဆိုသည်။

၃။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“ပုဒ်မ ၂၉။ အထူးကိစ္စရပ်မှအပ ဝန်ထမ်းကို ရာထူးတိုးမြှင့်ခန့်ထားရာတွင် -

(က) ရာထူးဝန်အဖွဲ့က သက်ဆိုင်ရာ ရာထူးအဆင့်အလိုက် သတ်မှတ်ထားသော သင်တန်းတက်ရောက်ပြီးသူဖြစ်ရမည်။

( ခ ) ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းက ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးတာဝန်အတွက် ရည်ရွယ်ဖွင့်လှစ်သော အဆင့်မြင့်သင်တန်း တက်ရောက်ပြီးသူဖြစ်ရမည်။”

**ရှင်းလင်းချက်။** အထူးကိစ္စရပ်ဆိုသည်မှာ ဝန်ထမ်း၏လုပ်ငန်းစွမ်းဆောင်ရည်ပေါ်မူတည်၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းက ရာထူးတိုးမြှင့်ပေးသင့်သည်ဟု သုံးသပ်ဆုံးဖြတ်သောကိစ္စရပ်ကိုဆိုသည်။

၄။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၃၅ ပါ “ဗဟိုဝန်ထမ်းတက္ကသိုလ်များ” ဆိုသည့်စကားရပ်ကို “နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ (၂/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

## စက်မှုဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် One Stop Service (OSS) အစီအစဉ်ကို ထည့်သွင်းစဉ်းစားရန်လို

**နေပြည်တော် မေ ၂၇**

စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ (၂/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက စက်မှုဝန်ကြီးဌာနရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် စက်မှုဖွံ့ဖြိုးရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ (၂/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်**

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်တွင်းစက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ပြည်တွင်းရှိ စက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာရေးနှင့် စက်မှုလုပ်ငန်းစီမံကိန်းအသစ်များ စနစ်တကျထူထောင်အကောင်အထည်ဖော်နိုင်ရေးဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် နိုင်ငံပိုင် နှင့် ပုဂ္ဂလိက ကဏ္ဍတွင်ရှိသော စက်ရုံများ၊ အလုပ်ရုံများကို ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် စက်မှုလုပ်ငန်းအဖြစ် ရေရှည်ရပ်တည်နိုင်ပြီး အရည်အသွေးကောင်းမွန်သော စက်မှုထုတ်ကုန်များထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း၊ စက်မှုဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် One Stop Service (OSS) အစီအစဉ်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်ကြောင်း၊ စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ လုပ်ငန်းတာဝန် ၁၆ ချက်နှင့်ပတ်သက်၍ လုပ်ငန်းတာဝန်အလိုက် ဆောင်ရွက်ရမည့် တာဝန်ခံဝန်ကြီးဌာနများလည်း သတ်မှတ်ပြီးဖြစ်ရာ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် နိုင်ငံတော်၏ စက်မှုဖွံ့ဖြိုးရေးကဏ္ဍကို အထောက်အကူပြုနိုင်ရေးအတွက် မိမိတို့အကောင်အထည်ဖော်ပေးရမည့် လုပ်ငန်းတာဝန်အလိုက် တာဝန်ခံဌာန သို့မဟုတ် လုပ်ငန်းအဖွဲ့များဖွဲ့စည်းပြီး စနစ်တကျဆောင်ရွက်ရန်နှင့် ဆောင်ရွက်ခဲ့မှုများကို လစဉ်တင်ပြပေးစေလိုကြောင်း၊ သို့မှသာ KPI များနှင့် Target များအတိုင်း ထိရောက်စွာအကောင်အထည်ဖော်နိုင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်အကဲဖြတ်ခြင်း (Monitoring & Evaluation) ဆောင်ရွက်မည့်ဌာနသို့ ပေးပို့ပြီး စိစစ်သုံးသပ်နိုင်မည်ဖြစ်ကြောင်း။

**နိုင်ငံခြားငွေအသုံးပြုမှုလျှော့ချနိုင်**

လက်ရှိအချိန်တွင် ပြန်လည်ထူထောင်ရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံး ဘိလပ်မြေ၊ သံမဏိ အစရှိသည့်ပစ္စည်းများ လိုအပ်လျက်ရှိရာ ပြည်တွင်း၌ တည်ဆောက်ပြီးဖြစ်သည့် စက်ရုံများကို စွမ်းအားပြည့်လည်ပတ်နိုင်ရေးပံ့ပိုးပေးရန် လိုအပ်သကဲ့သို့ စက်ရုံသစ်စီမံကိန်းများ တိုးပွားလာရေးကိုလည်း တစ်ပြိုင်နက် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းကုန်ကြမ်းများ အသုံးပြုပြီး သွင်းကုန်အစားထိုး ထုတ်လုပ်ရန် ကြိုးပမ်းနေသကဲ့သို့ ပြည်ပမှ ကုန်ချောများ တိုက်ရိုက်တင်သွင်းခြင်းအစား တစ်ဝက်တစ်ပျက်ကုန်ချော (Semi Product) များတင်သွင်းပြီး ပြည်တွင်း၌ ကုန်ချော(Finished-product)များ ထုတ်လုပ်နိုင်ရေးကိုလည်း စဉ်းစားဆောင်ရွက်ပေးစေလိုကြောင်း၊ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် နိုင်ငံခြားငွေအသုံးပြုမှုလျှော့ချနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ အစည်းအဝေးတက်ရောက်လာကြသည့်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများအနေဖြင့် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ရမည့် အဓိကစွမ်းဆောင်ရည်ညွှန်းကိန်း(KPI)နှင့် ဦးတည်ရလဒ်(Target)များ၊ ကော်မရှင်၏ ရည်မှန်းချက်နှင့် မဟာဗျူဟာများအပေါ် ဝိုင်းဝန်းဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ စက်မှုဖွံ့ဖြိုးရေးကော်မရှင် အတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ စက်မှုဖွံ့ဖြိုးရေးကော်မရှင်သို့ တင်ပြလာသည့် အမှာစာများကိုလည်းကောင်း၊ စက်မှုဖွံ့ဖြိုးရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြန်လည်ထူထောင်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံး ဘိလပ်မြေ၊ သံချောင်းလုံးနှင့် Steel Structure များ လိုအပ်မှု၊ ပြည်တွင်းဘိလပ်မြေစက်ရုံများနှင့် သံမဏိစက်ရုံများ၏ ထုတ်လုပ်မှု၊ ကုန်ကြမ်းလိုအပ်မှုနှင့် ဘိလပ်မြေနှင့် သံချောင်းလုံး တင်သွင်းရမည့် အခြေအနေတို့ကိုလည်းကောင်း၊ တက်ရောက်လာကြသည့် စက်မှုဖွံ့ဖြိုးရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်နေသည့်လုပ်ငန်းများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

**မြန်မြန်ဆန်ဆန်ဆောင်ရွက်**

ထို့နောက် စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အရေးပါသော အခြေခံအထောက်အပံ့ကောင်းဖြစ်ခြင်းကြောင့် အဖွဲ့ဝင် ဝန်ကြီးဌာနများအနေဖြင့် မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ နိုင်ငံပိုင်စက်မှုလုပ်ငန်းများအတွက်ဖြစ်စေ၊ ပုဂ္ဂလိကစက်မှုကဏ္ဍအတွက်ဖြစ်စေ ခွင့်ပြုမိန့်များတောင်းခံလာပါက ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာဌာနများက မြန်ဆန်စွာ ဆောင်ရွက်ပေးရန် အဓိကမှာကြားလိုကြောင်း၊ နိုင်ငံတော်၏ စက်မှုကဏ္ဍတွင် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် ထိထိရောက်ရောက် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန်လိုကြောင်း ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဝမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၇**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (United Nations Population Fund–UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Jaime Nadal Roig အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



**အမြင်ချင်းဖလှယ်ခဲ့ကြ**

တွေ့ဆုံစဉ် UNFPA ၏ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် လျှော့ဒဏ်သင့်ဒေသများမှ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ဆေးဘက်ပစ္စည်းများ ထောက်ပံ့ပေးမည့် အခြေအနေတို့နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများလည်း တက်ရောက်ကြသည်။

**သတင်းစဉ်**

### လျှော်ဘေးသင့်ပြည်သူများအတွက် အလှူငွေ ဆက်လက်လက်ခံမည့်အစီအစဉ် အသိပေးကြေညာခြင်း

၂၈-၃-၂၀၂၅ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ၂၉-၅-၂၀၂၅ ရက် (ကြာသပတေးနေ့) တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ လှူဒါန်းမှုများကို အခမ်းအနားဖြင့် ဒုတိယအကြိမ်အဖြစ် ဆက်လက်လက်ခံသွားမည် ဖြစ်ပါသည်။

လှူဒါန်းလိုသူများအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အောက်ပါပုဂ္ဂိုလ်များသို့ ဆောလျင်စွာ ဆက်သွယ်စာရင်းပေးသွင်း လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(၁) ဒေါ်လဲ့လဲ့အေး၊ ညွှန်ကြားရေးမှူးချုပ်
ဖုန်းနံပါတ် ၀၉- ၂၀၂၁၄၉၁

(၂) ဦးညီညီနိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်
ဖုန်းနံပါတ် ၀၉-၅၀၅၂၃၅၂

(၃) ဒေါ်ဖြူဖြူဝင်း၊ ညွှန်ကြားရေးမှူး
ဖုန်းနံပါတ် ၀၉-၄၃၀၅၄၈၄၄
ရုံးဖုန်း ၀၆၇ -၄၀၄၇၀၂၊ ၀၆၇-၄၀၄၇၀၁၊ ၀၆၇-၄၀၄၇၁၀
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

### မုတ်သုံလေ အားအလွန်ကောင်းနေ

**နေပြည်တော် မေ ၂၇**

ယနေ့ ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းလွန်) တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area) သည် ဆက်လက် တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအလွန်ကောင်းနေသည်။

**မိုး/ဇလ**

## မြို့နယ်အလိုက် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စီးပွားရေးကဏ္ဍ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်

**ပဲခူး မေ ၂၇**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပဲခူးတိုင်းအစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ မေ ၂၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဇွန်လအတွင်း အပြီးရိတ်သိမ်းမည့် နွေစပါးစိုက်ကွက်များ မိုးစပါးအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေး ကြိုတင်ပျိုးထောင်ထားရမည်ဖြစ်ကြောင်းနှင့် မိုးသီးနှံများ သတ်မှတ်ဧကအတိုင်း အပြည့်အဝ စိုက်ပျိုးရန်အတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ချေးငွေရရှိရေး၊ နည်းပညာရရှိရေးအပြင် ဒေသထွက် ကုန်ကြမ်းပစ္စည်းကို အခြေခံပြီး ထုတ်လုပ်သွားမှသာ သင့်တင့်သည့်ဈေးနှုန်းဖြင့် သွင်းကုန်အစားထိုး အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ One Region One Product (OROP) ထုတ်ကုန်များနှင့်ပတ်သက်၍ ထုတ်ကုန်အရည်အသွေးမြင့်မားစေရေး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများ အပြည့်အဝကောက်ခံသွားရန်နှင့် အခွန်ထမ်းသစ်များ ထပ်မံဖော်ထုတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စီးပွားရေးကဏ္ဍ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။




ထို့နောက် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက မြို့နယ်အလိုက် အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးများက ဦးစီးဌာနအလိုက် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စီးပွားရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး သုံးသပ်အကြံပြုတင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကဏ္ဍအလိုက် အသေးစိတ် ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပညာနှင့်ဘဝ တစ်ထပ်တည်းကျသည့် ပညာတတ်များရှိမှသာလျှင် ...

မိုးကေနိုင်

**"ဒီနေရာမှာတော့ ရတနာကို ရတနာထိုက်မှန်းမသိ၊ အတုအစစ်မှန်းမသိတဲ့ သညာသိနဲ့ အတုအစစ် ခွဲခြားတတ်ပြီး ရတနာကို ရတနာမှန်းသိတဲ့ ပညာသိဆိုတဲ့ အသိနှစ်မျိုးကို အရိပ်မျှခွဲခြားနိုင်ရင် ရပါပြီ။ ဆင်ခြင်စဉ်းစား သုံးသပ်နိုင်စွမ်း၊ အမှားအမှန်ခွဲခြားနိုင်စွမ်း၊ အကြောင်းအကျိုးဆက်စပ်နိုင်စွမ်း၊ ခွဲခြမ်းစိတ်ဖြာနိုင်စွမ်းရှိပြီး အဆုံးအဖြတ်ပေးနိုင်စွမ်းအထိကို ပညာသိက လမ်းပြပေးပါတယ်။ သညာသိမှာက လက်တွေ့မပါတဲ့ သီအိုရီအသိနဲ့တင် ပြီးပြည့်စုံနေတယ်။ စာမေးပွဲ ရလဒ်နဲ့တင် ကျေနပ်နေတာမျိုးဖြစ်လိမ့်မယ်။ ဒါကြောင့် ပညာသိဖြစ်အောင် ကြိုးစားကြပါဆိုပြီး တိုက်တွန်းနေကြခြင်းဖြစ်ပါတယ်"**

လူတစ်ဦးရဲ့ ဘဝတန်ဖိုးကို ပညာနဲ့သာ တိုင်းတာတဲ့အတွက် လူတိုင်း ပညာတတ် ဖြစ်အောင် ကြိုးစားကြရတယ်။ ပညာက တည်ငြိမ်တဲ့လမ်းကို ခင်းပေးနိုင်လို့ဖြစ်ပါတယ်။ ဒီလမ်းက သွားမလား၊ ဟိုလမ်းကသွားမလား လမ်းကြောင်းမှန်အောင် ပြပေးနိုင်တယ်။ အမှောင်ထုကြား အလင်းဓာတ်ပေး၊ အန္တရာယ်မရှိအောင် ကာကွယ်ပေးတယ်။ ကောင်းခြင်းနဲ့ မကောင်းခြင်းအကြား၊ အမှန်နဲ့အမှားကြား ကောင်းတာ၊ မှန်တာကိုသာ ရွေးချယ်ခွင့်ပေးပြီး အကောင်းဆုံးဖြစ်အောင် လုပ်တတ်ကိုင်တတ်အောင်၊ လုပ်နိုင်ကိုင်နိုင်အောင်လည်း အခွင့်အရေးပေးတယ်။ ဒါကြောင့်ပဲ ပညာအခြေခံမယ့်လမ်းမှန်မှာ လမ်းမပျောက်အောင် လျှောက်လှမ်းမယ့်သူတွေအတွက် ဘဝရှင်သန်ရပ်တည်မှုအာမခံချက်က ပညာပဲဆိုတာကို အသိအမှတ်ပြုနိုင်စွမ်းရှိရန်က အဓိက လိုအပ်ချက်ဖြစ်သွားပါပြီ။

### သညာသိနှင့် ပညာသိ

ဒီနေရာမှာ သညာသိနဲ့ပညာသိကိုတော့ ကွဲပြားစေချင်တယ်။ သညာသိနဲ့ ပညာသိမှာ မှတ်သိ၊ ဖတ်သိ၊ ဘွဲ့ရအသိနဲ့ သညာသိအမှတ်လောက်နဲ့ မိမိကိုယ်မိမိ မရောင့်ရဲ၊ မတင်းတိမ်စေချင်ပါ။ သညာသိလောက်နဲ့ရပ်နေတဲ့အတွက် ပညာမပြည့်ဝခြင်းရဲ့ ကြမ်းတမ်းခက်ထန်မှုတွေကို ယနေ့ ကျွန်တော်တို့ ခံစားနေကြရတယ်။ ဒါကြောင့် ပညာသိအထိ လှမ်းစေချင်တယ်။ ဘာတွေကွာခြားသွားလို့ပါလဲ၊ ဗုဒ္ဓတရားတော်အရဆို သညာသိနဲ့ ပညာသိကြားမှာ ဝိညာဏ်သိဆိုပြီးတောင် နာယူခဲ့ဖူးပါတယ်။

**ဒီနေရာမှာတော့ ရတနာကို ရတနာထိုက်မှန်းမသိ၊ အတုအစစ်မှန်းမသိတဲ့ သညာသိနဲ့ အတုအစစ် ခွဲခြားတတ်ပြီး ရတနာကို ရတနာမှန်းသိတဲ့ ပညာသိဆိုတဲ့ အသိနှစ်မျိုးကို အရိပ်မျှ ခွဲခြားနိုင်ရင် ရပါပြီ။ ဆင်ခြင်စဉ်းစား သုံးသပ်နိုင်စွမ်း၊ အမှားအမှန်ခွဲခြားနိုင်စွမ်း၊ အကြောင်းအကျိုးဆက်စပ်နိုင်စွမ်း၊ ခွဲခြမ်းစိတ်ဖြာနိုင်စွမ်းရှိပြီး အဆုံးအဖြတ်ပေးနိုင်စွမ်းအထိကို ပညာသိက လမ်းပြပေးပါတယ်။ သညာသိမှာက လက်တွေ့မပါတဲ့ သီအိုရီအသိနဲ့တင် ပြီးပြည့်စုံနေတယ်။ စာမေးပွဲရလဒ်နဲ့တင် ကျေနပ်နေတာမျိုးဖြစ်လိမ့်မယ်။ ဒါကြောင့် ပညာသိဖြစ်အောင် ကြိုးစားကြပါဆိုပြီး တိုက်တွန်းနေကြခြင်း ဖြစ်ပါတယ်။**

### စာထဲမှ အမှန်တရားဆိုတာ

သညာသိနဲ့မတူတဲ့ ပညာသိဆိုတဲ့အရည်အချင်းကို တန်းတက်ဘွဲ့ရရုံနဲ့မပြီးဘဲ မိမိပညာကိုတိုးတက်ပွားများနေအောင် ဆက်လက်ဆည်းပူးလေ့လာ ဖတ်မှတ်အသုံးချခြင်းကနေ ရယူရပါမယ်။ မိမိ ရထားတဲ့ဘွဲ့ကို လက်တွေ့နယ်ပယ်မှာ အသုံးချနိုင်အောင် ကြိုးစားကြည့်ပါ။ စာသိနဲ့လက်တွေ့ကို ပေါင်းစပ်အသုံးချနိုင်ခြင်းက အတွေ့အကြုံကောင်းကို ပေးပါတယ်။ ဒီအတွက်လည်း မဖြစ်မနေ စာများများဖတ်ရမှာဖြစ်ပြီး အစောပိုင်း ငယ်ငယ်ရွယ်ရွယ် ဘဝမှာကတည်းကရသမျှ အရင်းအမြစ် စာပေမျိုးစုံကနေ ဖတ်နိုင်သမျှဖတ် မှတ်နိုင်သမျှ မှတ်သင့်ပါတယ်။

နောက်တော့ ဘယ်လိုစာပေမျိုးက ကောင်းသလဲ၊ မှန်သလဲ စူးစမ်းလေ့လာလိုစိတ်နဲ့ ဖတ်တတ်၊ မှတ်တတ်အောင်ကြိုးစားရမယ်၊ ဘယ်သူရေးတဲ့စာက ပတ်ဝန်းကျင်နဲ့ လူ့အဖွဲ့အစည်းကိုဘယ်လို အကျိုးပြုနေသလဲ၊ လေ့လာနိုင်သမျှလေ့လာပြီး တန်ဖိုးသိလာရင် သုတအရာမှာ စွယ်စုံဖြစ်လာပါလိမ့်မယ်။ မိမိဖတ်မှတ်ပြီးသား စာပေကနေ အဆီအနှစ်ကို ကောက်နုတ်ပြီး လက်တွေ့အခြေအနေနဲ့ ကိုက်ညီဆီလျော်မှု ရှိ မရှိ တိုင်းတာတွက်ချက်နိုင်လေ လက်တွေ့နယ်ပယ်မှာ မိမိပညာကို ပိုပိုအသုံးချနိုင်လေပါပဲ။ စာထဲမှ အမှန်တရားကို ရှာဖွေနိုင်ခြင်းဆိုတာ ဒီအချက်ကို ဆိုလိုတာဖြစ်ပါတယ်။

### ပညာရှိနှင့် ပညာရှင်ဆိုတာ

ဒီလိုနဲ့ ဖတ်ရင်း၊ မှတ်ရင်း၊ လေ့လာရင်းကနေ ဘာပြဿနာဖြစ်ဖြစ် ခွဲခြမ်းစိတ်ဖြာတတ်လာမယ်၊ အစွန်းနှစ်ပါး ရှောင်တတ်လာမယ်၊ မြင်ကွင်းကျယ်ကျယ်နဲ့ ကြည့်တတ်၊ မြင်တတ်လာပြီး အနာဂတ်ကို ခန့်မှန်းတတ်လာမယ်၊ အခြေအနေအရပ်ရပ်အပေါ် သုံးသပ်တတ်လာတယ်။ သုံးသပ်ချက်နဲ့အညီ တွေ့ရှိချက်ကို လက်တွေ့အခြေအနေနဲ့ ချိန်ထိုးလာနိုင်တဲ့အခါ ဘယ်ဟာကအမှန်၊ ဘယ်ဟာကအမှား၊ ဆောင်ရန်ရှောင်ရန်ဆိုပြီး မြင်လာမယ်။ အမှန်မြင်ရင် အမှားလုပ်ဖို့ ဝန်လေးလာခြင်းဟာ ဆင်ခြင်တုံတရားပါပဲ။ အမှားနည်းအောင်နဲ့ အမှန်များလာဖို့အတွက် သူသိထားသမျှ သူတတ်ထားသမျှ လူ့အဖွဲ့အစည်းထဲ မျှဝေလိုစိတ်ဟာ အလိုလို ဖြစ်လာသလိုပါ။

အဆိုးနည်းပြီးအကောင်းများတဲ့ လူ့အဖွဲ့အစည်းတစ်ခုကို တည်ဆောက်ချင်သူ၊ စံနမူနာယူထိုက်သူတွေ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ များစွာရှိပါတယ်။ သူတို့ဟာ သူတို့ ကျင်လည်နေတဲ့ လူ့အဖွဲ့အစည်းကို ကျန်းကျန်းမာမာရှိစေချင်တယ်၊ သန့်သန့်ရှင်းရှင်း ရှိစေချင်ကြတဲ့အတွက် တာဝန်ရှိစိတ်နဲ့ တာဝန်ယူပေးဖို့ဝန်မလေး၊ စေတနာသဒ္ဓါတရား ထက်သန်စွာနဲ့ တာဝန်ယူဖို့ အသင့်ရှိနေကြပါတယ်။ တစ်နည်းအားဖြင့် မိမိပညာကို သိနေရုံနဲ့မပြီး ရှိနေအောင်၊ ရှိနေရုံနဲ့မပြီး လက်တွေ့မှာ အသုံးချနိုင်အောင်နဲ့ ထာဝရရှင်သန်နေတဲ့ပညာဖြစ်အောင် လုပ်နိုင်စွမ်းသူကိုသာ ပညာရှိတစ်ဦး၊ ပညာရှင်တစ်ဦးအဖြစ် သတ်မှတ်ကြပါတယ်။

ဒါကိုပဲ ပညာသိ သိတဲ့ ပညာရှိ၊ ပညာရှင်အဖြစ် မှတ်ယူကြရအောင်ပါ။ ပညာမြင့်မှ ပွဲလယ်တင့်မယ်၊ ပညာမြှင့်မှ လူမျိုးမြင့်မယ်ဆိုတာ ဒီအချက်ကို ဆိုလိုတာပါ။ ဒီအဆင့်၊ ဒီလယ်ဗယ်အထိ သွားနိုင်မှသာ ကျွန်တော်တို့လူ့အဖွဲ့အစည်းနဲ့ ကျွန်တော်တို့နိုင်ငံတော်ကြီးက တည်ငြိမ်မယ်၊ အေးချမ်းမယ်၊ ငြိမ်းချမ်းမယ်လို့ ယုံကြည်မိပါတယ်။

**ဒါမှလည်း ပညာရဲ့အဓိပ္ပာယ်က ပြည့်ဝနေမှာဖြစ်သလို ပညာရဲ့တန်ဖိုးက မြင့်မားနေမှာဖြစ်ပါတယ်။ ဒါကြောင့် ပညာရှင်ဆရာ၊ ဆရာမကြီးတွေ၊ နိုင်ငံအကြီးအကဲတွေ၊ မိဘတွေက သူ့အတိုင်းအတာနဲ့သူ မိမိတို့ရင်သွေးတွေကို ပညာတတ်အောင်သင်ပြီး ပညာတတ်တွေဖြစ်ဖို့၊ ပညာရှင်တွေဖြစ်ဖို့ အဆင့်လိုက် ကျရာကဏ္ဍကနေ တတ်နိုင်သမျှ အခွင့်အလမ်းတွေ ပေးနေကြခြင်းဖြစ်ပါတယ်။ ဒါကြောင့်လည်း မိဘတွေက မိမိတို့ရင်သွေးတွေကို ကျောင်းအပ်ကျောင်းထားကြဖို့၊ လူငယ်တွေအနေနဲ့လည်း ကျောင်းဆက်တက်ကြဖို့ ကျောင်းမထွက်ကြဖို့ ယခုလို စဉ်ဆက်မပြတ် ပညာပေးနှိုးဆော်တိုက်တွန်းကြခြင်းဖြစ်ပါတယ်။**

လူမှုစီးပွားမဖွံ့ဖြိုးမှု၊ အကြမ်းဖက်မှုနဲ့ မတည်ငြိမ်မှုတွေဟာ ပညာရေးအားနည်းမှုနဲ့ ဆက်စပ်နေတဲ့အတွက် စဉ်ဆက်မပြတ် လေ့လာသင်ယူခြင်းကနေ လိုအပ်နေသေးတဲ့ ဖွံ့ဖြိုးမှုကွက်လပ်များစွာကို ဖြည့်ဆည်းသွားရမှာပဲဖြစ်ပါတယ်။ ဒါကြောင့်ပဲ သဘာဝဘေး၊ ရောဂါဘေး၊ လူကြောင့်ဖြစ်ရတဲ့ လူလုပ်ဘေးဒဏ်တွေကြောင့် ဖြစ်ရတဲ့ အခက်အခဲတွေ၊ အားနည်းချက်တွေ၊ စိန်ခေါ်မှုတွေ အနည်းနဲ့အများ ဆီးကြိုနေလင့်ကစား ပညာသင်ယူလိုစိတ်ဖြစ်နေအောင် မပြတ်နိုးဆော်တိုက်တွန်းနေရမှာဖြစ်ပါတယ်။

### လူတော်လူကောင်းဖြစ်ဖို့ရန်

ဒီနေရာမှာ ယုံကြည်ချက်၊ ခံယူချက်နဲ့ ဝီရိယစိုက်ထုတ်စွမ်းအားများက အရေးကြီးသွားပါပြီ။ **ငါတို့ စာတတ်မှရမယ်၊ ပညာတတ်မှ လူရာဝင်မယ်၊ ပညာရှိမှ အများအကျိုး ထမ်းနိုင်မယ်၊ ပညာရှင်ဖြစ်မှ မိမိတည်ဆောက်လိုတဲ့လူ့အဖွဲ့အစည်း၊ မိမိပုံဖော်လိုတဲ့ ပတ်ဝန်းကျင်ကောင်းဖြစ်မယ်။ အနည်းဆုံးတော့ မိမိမိသားစုအတွက် အကျိုးပြုနိုင်မယ်ဆိုတဲ့ ယုံကြည်ချက်မျိုး၊ ဒီလို ယုံကြည်ချက်ကောင်းရှိခဲ့ရင် မိမိသွားချင်တဲ့ပန်းတိုင် မိမိရောက်ချင်တဲ့အိပ်မက် မရရအောင်လုပ်မယ်ဆိုတဲ့ ခံယူချက်မျိုးဖြစ်လာဖို့က မခက်ခဲတော့ပါဘူး။**

ပညာနဲ့ပတ်သက်တဲ့ ယုံကြည်ချက်၊ ခံယူချက်သာ ခိုင်မာလာခဲ့ရင် လိုအပ်တဲ့ဝီရိယ ကြိုးစားအားစိုက်ထုတ်မှုဆိုတာလည်း အလိုလို ဖြစ်လာတတ်ပါတယ်။ ဒါ့အပြင် ပညာကို အားပေးတယ်ဆိုတဲ့နေရာမှာလည်း နည်းမှန်လမ်းမှန်ဖြစ်ရမယ်။ မိဘဆရာတွေဟာ ကိုယ့်သားသမီးကို တော်နေရုံနဲ့မပြီး၊ ကောင်းအောင်လည်း လမ်းပြပေးနိုင်တဲ့အထိ တာဝန်ကျေသင့်ပါတယ်။ လူတော်တစ်ယောက်အပြင် လူကောင်းတစ်ယောက်အသွင်ကိုပါ ပုံဖော်ပေးနိုင်မှသာ မိသားစုအတွက်အားကိုးရာဖြစ်ပါမယ်၊ လူ့အဖွဲ့အစည်းအတွက်လည်း တာဝန်ကျေသူတစ်ယောက်ဖြစ်ပါမယ်။

လူကောင်းဆိုတဲ့လက္ခဏာမှာ ပညာကိုတန်ဖိုးထားခြင်း၊ မင်္ဂလာတရားနဲ့အညီ အသိအလိမ္မာရှိခြင်း၊ အနီးစပ်ဆုံး ကိုယ့်မိဘ၊ ကိုယ့်ဆရာသမားကျေးဇူး အထူးသိတတ်ပြီး ရိုသေလေးစားနာခံတတ်ခြင်း၊ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ဓလေ့စရိုက်တွေကို ဘာသာတရားနဲ့အညီ တန်ဖိုးထားမြှင့်တင်ပေးနိုင်ခြင်း၊ အများအကျိုးဆောင်ခြင်း၊ လူ့အဖွဲ့အစည်းကို အကျိုးပြုပြီး တည်ငြိမ်အေးချမ်းအောင် လုပ်နိုင်ခြင်းတွေ ပါဝင်နေပါတယ်။

အချုပ်အားဖြင့်တော့ ယနေ့ ကျောင်းသားအရွယ် လူငယ်၊ လူရွယ်အားလုံး ခေတ်အခြေအနေအရ ပညာတတ်တွေဖြစ်အောင် စာကိုသာ ကြိုးစားသင်စေချင်ပါတယ်။ ဆရာ၊ ဆရာမတွေဘက်ကလည်း စေတနာသဒ္ဓါအပြည့်နဲ့ စာတတ်အောင် ကြိုးစားသင်ပေးကြမှာပါပဲ။ လက်ရှိ အရှိတရားတွေအရတော့ လူကောင်းလေးတွေဖြစ်လာအောင် လမ်းပြသွန်သင်ပေးဖို့က အဓိကဖြစ်နေတယ်။ ဒါကြောင့် မျိုးဆက်အလိုက် စံနမူနာပြု လေးစားထိုက်သူများစွာ မွေးထုတ်နိုင်တဲ့အထိ ကြိုးစားကြရပါမယ်။

အခက်အခဲနဲ့ စိန်ခေါ်မှုတွေ ရှိသော်ငြား ကျောင်းဖွင့်ရာသီမှာ မိဘတိုင်းက မိမိကလေးတွေကို ကျောင်းအပ်ချင်မယ်ဆိုတာ ယုံပါတယ်။ အရေးကြီးတာက ရခဲတဲ့လူ့ဘဝ သက်တမ်းအတွင်း အချိန်ကုန်၊ ငွေကုန်အသက်သာဆုံးနဲ့ ဘွဲ့ရပညာတတ်ဘဝကို မြန်မြန်ရောက်ဖို့၊ ပန်းတိုင်ကိုမျက်ခြည်မပြတ်စေဖို့ သက်ဆိုင်သူအားလုံးမှာ တာဝန်ရှိပါတယ်။ သို့မှသာ ပညာအခြေခံတဲ့ အသိအတတ်ပညာရှင်တွေနဲ့ မြန်မာတို့ရဲ့ လှပတဲ့အနာဂတ်အတွက် စိတ်ချရမှာဖြစ်ပါတယ်။ ။

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)နှင့် ဒုတိယဥက္ကဋ္ဌ(၂)တို့က မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးဖြစ်သူ Mr. Marcoluigi Corsi အား လက်ခံတွေ့ဆုံ



**နေပြည်တော်  မေ ၂၇**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒုတိယဥက္ကဋ္ဌ(၂)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတို့သည် တာဝန်များပြီးဆုံး၍ မြန်မာနိုင်ငံမှပြန်လည် ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေ (UNICEF) ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ Mr.Marcoluigi Corsi အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre) ဧည့်ခန်း၌ ယနေ့မွန်းလွဲပိုင်းတွင် လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာ၌ လျှော်ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာနှင့် ကုလသမဂ္ဂမှ အကူအညီပေးအပ်မှုများ၊ မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် အခြေအနေများ၊ ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံအကြား ရှေ့ဆက်ပူးပေါင်းဆောင်ရွက်ရန် ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လျှော်ဒဏ်ကြောင့်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော်  မေ ၂၇**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးလျှော်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက်ရှိ စက်မှုဇုန် (၆)လမ်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများ တက်ရောက်၍ အခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးနှင့် တာဝန်ရှိသူများသည် ပတ္တမြားရပ်ကွက်ရှိ ကျင်းရှင်းနည်းပညာစစ်ကိုင်း ကုမ္ပဏီစက်ရုံအတွင်း ဖုန်အားသွင်းကြိုး ထုတ်လုပ်နေမှုများကို လှည့်လည်ကြည့်ရှုခဲ့ပြီး ယူကရိန်း သံရည်ကျိုစက်ရုံအတွင်း သံရည်ကျိုလုပ်ငန်းများ၊ ဟင်းဂလိုင်းလုပ်ငန်းများနှင့် ပန်းလုံးလုပ်ငန်း လုပ်ကိုင်နေမှုအခြေအနေများကို လိုက်လံကြည့်ရှု အားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ တောင်ဖီလာတောင်ရှိ လျှော်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ပတ္တမြားစေတီအား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ဝါးချက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးနေမှုကို ကြည့်ရှုအားပေးပြီး လျှော်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ကျောင်းဆောင် အဆောက်အအုံများနှင့် ယာယီကျောင်းဆောင်သစ် ဆောက်လုပ်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်တို့သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ နန်းမြို့တွင်းရှိ လျှော်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော နန်းမြို့ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်၊ အာရုံခံတန်ဆောင်းနေရာများ၌ ရှေးမူမပျက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် ပြည်ကြီးတံခွန်မြို့နယ် " ဆ " ရပ်ကွက်ရှိ CROWN ဘိလပ်မြေအရောင်းဌာနသို့လည်းကောင်း၊ " ဠ " ရပ်ကွက်ရှိ ကြံ့နှစ်ကောင် ဘိလပ်မြေအရောင်းဌာနများသို့သွားရောက်၍ လျှော်ဒဏ်သင့်ပြည်သူများ လက်ဝယ်သို့ ဘိလပ်မြေအိတ်များ ပြင်ပပေါက်ဈေးထက်သက်သာစွာ တိုက်ရိုက်ရောင်းချပေးနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် ချမ်းအေးသာစံမြို့နယ်ရှိ ယခင်မင်္ဂလာဈေးနေရာတွင် လျှော်ဘေးသင့်ပြည်သူများအတွက် ကုမ္ပဏီအသီးသီးမှ အိမ်ဆောက်ပစ္စည်းများကို စက်ရုံထုတ် အထူးဈေးနှုန်းဖြင့် ပြင်ပပေါက်ဈေးထက် သက်သာစွာ ရောင်းချပေးနေမှုအခြေအနေများကိုလည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ် " ဆ " ရပ်ကွက်ရှိ CROWN ဘိလပ်မြေ အရောင်းဌာနသို့လည်းကောင်း၊ " ဠ " ရပ်ကွက်ရှိ ကြံ့နှစ်ကောင် ဘိလပ်မြေအရောင်းဌာနများသို့ သွားရောက်၍ လျှော်ဒဏ်သင့်ပြည်သူများ လက်ဝယ်သို့ ဘိလပ်မြေအိတ်များ ပြင်ပပေါက်ဈေးထက်သက်သာစွာ တိုက်ရိုက်ရောင်းချပေးနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အောင်မြေသာစံမြို့နယ်အတွင်းရှိ လျှော်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော ဖြိုချဖျက်ဆီးပြီး အန္တရာယ်ရှိအဆောက်အအုံများကို အပျက်အစီးများ အပြီးသတ်ရှင်းလင်းနေမှု အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေး၍ လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်မှာကြားခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အောင်မြေသာစံရပ်ကွက် မဟာဒီပဲရင်းကျောင်းတိုက်များသို့လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်ရှိ ရှင်လွန်းမယ်ဘုရားသို့လည်းကောင်း၊ အမရပူရမြို့နယ် မှန်တန်းရပ်ရှိ မဟာဝိဇယရံသီ ပုထိုးတော်ကြီးမြတ်စွာဘုရားသို့လည်းကောင်း၊ ဆင်စွယ်ပွတ်ကျေးရွာရှိ သတ္တဌာနဘုရားနှင့် တောင်သမန်းကျေးရွာရှိ မဟာသကျရံသီ ကျောက်တော်ကြီးမြတ်စွာဘုရားများသို့လည်းကောင်း သွားရောက်၍ လျှော်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော အပျက်အစီးများကို တပ်မတော်သားစစ်သည်များက ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကိုလည်းကောင်း၊ စက်ယန္တရားကြီးများအသုံးပြု၍ ရှင်းလင်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ အပျက်အစီးများ ရှင်းလင်းဆောင်ရွက်ရာတွင် ထပ်မံသိမ်းဆည်းရရှိသော ဌာပနာပစ္စည်းများအား စနစ်တကျ သိမ်းဆည်းထားရန်တို့ကိုလည်းကောင်း၊ သွားရောက်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ဒေသခံပြည်သူများအား **"လျှော်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်နိုင်ရေးအသိပညာပေးဟောပြောပွဲ"** သို့ တက်ရောက်ပြီး အဆောက်အအုံများ ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ရဟန်းသံဃာများ၊ ဒေသခံပြည်သူများအား အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် တည်ဆောက်ရမည့် နည်းလမ်းများ၊ လုပ်ငန်းစဉ်များနှင့် အသုံးပြုရမည့်ပစ္စည်းများကို ကျွမ်းကျင်သူများနှင့် တိုင်ပင်၍ ပြုလုပ်ဆောင်ရွက်သွားရန် အသေးစိတ်ဆွေးနွေးခြင်း၊ အသိပညာပေးလက်ကမ်း စာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ဒေသခံပြည်သူများက သိရှိလိုသည့်အချက်များကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောက်ဆည်မြို့ ခရိုင်တရားရုံးနှင့် ဆူးကုန်းရပ်ကွက်ရှိ ခရိုင်စုပေါင်းရုံးအတွင်း၌ Modular Container House များဖြင့် (ယာယီ)ရုံးဖွင့်လှစ်ပြီး ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် တပ်ဆင်ဆောက်လုပ်နေမှု အခြေအနေများကိုလည်းကောင်း၊ ဖောင်ရွာရပ်ကွက်ရှိ ဖြဟ္မဝိဟာရဗိမာန်၌ စာဖြေသံဃာတော်များအတွက် လေးထပ်ဆောင်အား ပြန်လည်ပြုပြင်ရန်အတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းနှင့် စာဖြေခုံများ နေရာရွှေ့ပြောင်းပို့ဆောင်နေမှုများကိုလည်းကောင်း၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ လျှော်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုခဲ့ပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အလားလာကောင်းသော ပဲတီစိမ်းမျိုးလိုင်းများ၏ဖြစ်ထွန်းမှု နေပြည်တော်၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးများမှ တောင်သူများကွင်းဆင်းလေ့လာ

**နေပြည်တော် မေ ၂၇**

နေပြည်တော်၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးများမှ ပဲတီစိမ်းစိုက်တောင်သူများ၊ ပဲ၊ ပြောင်း၊ နှမ်း လုပ်ငန်းရှင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာ၌ စမ်းသပ်စိုက်ပျိုးထားသည့် အဝါရောင်မိုစိတ်ရောဂါဒဏ်ခံနိုင်ပြီး အလားအလာကောင်းသော ပဲတီစိမ်းမျိုးလိုင်းများနှင့် နှမ်းမျိုးများ အထွက်ယှဉ်ပြိုင် စိုက်ပျိုးထားရှိမှုတို့ကို ကွင်းဆင်းလေ့လာကြသည်။

### ဈေးကွက်အကြိုက် သီးနှံမျိုးများ ရွေးချယ်ရန်လိုအပ်

ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပဲတီစိမ်းစိုက်တောင်သူများ၊ ပဲ၊ ပြောင်း၊ နှမ်း လုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် သီးနှံများပန်းတိုင်အထွက်နှုန်းရရှိမှသာ စိုက်ပျိုးလုပ်ကိုင်ကြသည့် တောင်သူများအတွက် ထိုက်သင့်သော ဝင်ငွေအကျိုးစီးပွားဖြစ်ထွန်းနိုင်မည်ဖြစ်၍ ရောဂါဒဏ်၊ ရာသီဥတုဒဏ်ခံနိုင်ပြီး အထွက်နှုန်းကောင်းမွန်၍ ဈေးကွက်အကြိုက် သီးနှံမျိုးများ ရွေးချယ်အသုံးပြုရန် လိုအပ်ကြောင်း၊ အလားတူ အရည်အသွေးကောင်းသီးနှံများ အထွက်နှုန်းတိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရန် လိုအပ်သည့် စိုက်ပျိုးမြေပြုပြင်ခြင်း၊ သွင်းအားစု ထည့်သွင်းသည့်အချိုးနှင့် အချိန်မှန်ကန်ရေး၊ စိုက်ပျိုးရေပေးသွင်းမှု မှန်ကန်ရေး အပါအဝင် နည်းပညာလိုအပ်ချက်များ ဖြည့်ဆည်းကူညီပေးခြင်းကို မိမိတို့ဝန်ကြီးဌာန ပညာရှင်များက အလေးထား ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း။

စပါးအခြေခံသီးနှံပုံစံတွင် သီးထပ်သီးနှံအနေဖြင့် ပြည်ပဈေးကွက်ရှိပြီး တောင်သူအကျိုးရှိစေမည့် မိုးကြိုသီးနှံ ပဲတီစိမ်းစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသီပညာရှင်များက မျိုးစပ်မွေးမြူထုတ်လုပ်လျက် ယခုစိုက်ကွင်းတွင် စမ်းသပ်စိုက်ပျိုးထားသော အဝါရောင်မိုစိတ်ရောဂါဒဏ်ခံနိုင်ပြီး အလားအလာကောင်းသော ပဲတီစိမ်းမျိုးလိုင်းများကို တောင်သူများကိုယ်တိုင် အကဲဖြတ်၍ မျိုးရွေးချယ်ပေးသွားကြရန်နှင့် စိတ်ကြိုက်ရွေးချယ်ထားသော ပဲတီစိမ်းမျိုးများကို မိမိတို့ဝန်ကြီးဌာနမှ မျိုးထုတ်လုပ်ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း၊ ဆက်လက် မျိုးပွားထုတ်လုပ်မှုကို တောင်သူများကိုယ်တိုင် ပါဝင်လုပ်ဆောင်ရန် တိုက်တွန်းပါကြောင်း ပြောကြားပြီး တောင်သူများနှင့် လုပ်ငန်းရှင်များ၏ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

### ကွင်းဆင်းလေ့လာ

ယင်းနောက် တောင်သူများ၊ ပဲ၊ ပြောင်း၊ နှမ်း လုပ်ငန်းရှင်များသည် ရောဂါဒဏ်ခံ အလားအလာကောင်းသော ပဲတီစိမ်းသီးနှံမျိုးလိုင်းများကို ကွင်းဆင်း



လေ့လာကြရာ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် သုတေသီများ၊ ပညာရှင်များက ရှင်းလင်းပြသကြပြီး ရောဂါဒဏ်ခံနိုင်ရည်ရှိမှု၊ သီးနှံအရည်အသွေးများကို တောင်သူများကိုယ်တိုင် အကဲဖြတ်ရွေးချယ်ခဲ့ကြသည်။

ထိုမှတစ်ဆင့် တောင်သူများနှင့် လုပ်ငန်းရှင်များ ပါဝင်သော လေ့လာရေးအဖွဲ့သည် ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ သုတေသနစိုက်ကွင်းများတွင် စိုက်ပျိုးထားသည့် သက်တမ်းတို၍ အထွက်နှုန်းနှင့် စားသုံးမှုအရည်အသွေးကောင်းမွန်သော ဆည်ရေသောက် လယ်စပါးမျိုးသစ်များ မွေးမြူရွေးချယ်ခြင်း အကွက်ကျယ်သရုပ်ပြစိုက်ကွင်းကို ကွင်းဆင်းလေ့လာကြရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အသေးစိတ်ရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုင်းတုံဒေသတွင် မြေနေရာများရှာဖွေလျက်ရှိပြီး လုပ်ငန်းဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များအား ဖိတ်ခေါ်လျက်ရှိ

**ကျိုင်းတုံ မေ ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသအတွင်း သား၊ ငါး ဖူလုံစေရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ယနေ့မွန်းလွဲပိုင်းက မွေးမြူရေးလုပ်ငန်းရှင်များနှင့် ကျိုင်းတုံမြို့ အစိုးရအဖွဲ့ ခေမရဋ္ဌရိပ်သာရှိ အစည်းအဝေး



ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ရှမ်းပြည်နယ်တွင် ဝက်၊ ဆိတ်၊ ကြက်၊ အမဲ၊ ငါး မွေးမြူရေးလုပ်ငန်းများ ဒေသအတွင်းစားသုံးမှုအတွက် ဖူလုံမှု အားနည်းနေသေးကြောင်း၊ ဖူလုံမှုရရှိအောင်ထုတ်လုပ်ရာတွင် သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကဏ္ဍအလိုက် လုပ်ငန်းရှင်များအား တွန်းအားပေးမှု၊ ပံ့ပိုးမှုများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လိုအပ်ပါက မွေးမြူရေးဇုန် ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ မိမိဒေသတွင် မွေးမြူရန်မြေနှင့်လုပ်ငန်းရှင်များရှိပြီး အခက်အခဲများရှိပါက နိုင်ငံတော်မှ MSME ချေးငွေများရှိကြောင်း၊ လူဦးရေထူထပ်သော ကျိုင်းတုံ၊ တာချီလိတ်မြို့တွင် မွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် ကျိုင်းတုံဒေသတွင် မြေနေရာများရှာဖွေလျက်ရှိပြီး လုပ်ငန်းဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များအား ဖိတ်ခေါ်လျက်ရှိကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် အကြံပြု၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းပြောကြား

ထို့နောက် ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝင်းဇင်မောင်က မွေးမြူရေးဇုန်များ ဖော်ထုတ်ရာတွင် သတိပြုရမည့် အချက်အလက်များကို ရှင်းလင်းပြောကြားပြီး ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးနိုင်က ငါးမွေးမြူရေးဆိုင်ရာကိစ္စရပ်များ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် မွေးမြူရေးလုပ်ငန်းရှင်များက အထွေထွေဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်အပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး၍ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ် အသက်(၂၃)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**မော်လမြိုင် မေ ၂၇**

၂၀၂၅ ခုနှစ် မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ် အသက်(၂၃) နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်အားကစားခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အဖွင့်ပွဲစဉ်အဖြစ် ကျိုက်ထိုမြို့နယ် အမျိုးသားပိုက်ကျော်ခြင်းအသင်းနှင့် မုဒုံမြို့နယ် အမျိုးသားပိုက်ကျောခြင်းအသင်းတို့ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို မေ ၂၇ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ်အတွက် မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအဆင့်ဆင့်ရှိ ဝန်ထမ်းသား၊ သမီးများအား ပညာသင်ထောက်ပံ့ငွေ၊ ထီးနှင့် ဗလာစာအုပ်များ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို မော်လမြိုင်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး ရာမညခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ်တွင် မော်လမြိုင်ခရိုင်၊ သထုံခရိုင်၊ ကျိုက်ထိုခရိုင်နှင့် ရေးခရိုင်အတွင်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ တက္ကသိုလ်အဆင့်၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းတို့၌ ပညာသင်ကြားနေသော သားသမီးများအတွက် ပြည်နယ်အစိုးရအဖွဲ့က ပေးအပ်သော ပညာသင်ထောက်ပံ့ငွေကျပ် ၃၆၅၀၀၀၀ ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများကပေးအပ်ရာ ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများက လက်ခံရယူသည်။

ယင်းနောက် ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ်



တက္ကသိုလ်အဆင့်၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းတို့၌ပညာသင်ကြားနေသော သားငယ်၊ သမီးငယ်များကို ပြည်နယ်ဝန်ကြီးများက ပညာသင်ထောက်ပံ့ငွေ၊ ထီး ၇၃ လက်နှင့် ဗလာစာအုပ် ၇၃ ဒါဇင် ပေးအပ်ချီးမြှင့်ခဲ့ပြီး နည်းပညာတက္ကသိုလ်တက်ရောက်နေသူ ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး လျှော်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းများ ပြန်လည်ပြုပြင်နေမှုကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၇

**နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် ရာဇသင်္ဂဟလမ်းမကြီးသို့ သွားရောက်၍ လျှော်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကိုပြန်လည်ပြုပြင်နေမှုနှင့် လမ်းခင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအပိုင်းလိုက် အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ ရေရှည်ခိုင်ခံ့မှုရှိအောင် စံချိန်၊ စံညွှန်းနှင့်အညီဆောင်ရွက်ရေး၊ ပလက်ဖောင်းများ စနစ်တကျပြုပြင်ရေးနှင့် လမ်းမကြီးဘေး သစ်ပင်များတိုးချဲ့စိုက်ပျိုးရေးတို့ကို မှာကြားသည်။**

ထို့နောက် ရာဇဌာနီလမ်းမကြီးသို့ သွားရောက်ပြီး လျှော်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှုနှင့် နိုင်လွန်ကတ္တရာလမ်း (AC) ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် နေပြည်တော်ကောင်စီ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေးသို့ တက်ရောက်ပြီး နေပြည်တော်အတွင်း ခရီးသွားလုပ်ငန်းများ၊ ခရီးစဉ်ဒေသများ တိုးတက်ဖော်ဆောင်နိုင်ရေး၊ ဒေသအတွင်း ရှေးဟောင်းသမိုင်းဝင် အထင်ကရရှိသော ဆွဲဆောင်မှုရှိသော စိတ်ဝင်စားဖွယ်နေရာများ ရွေးချယ်ဆောင်ရွက်ရေး၊ ကျေးလက်ဒေသရိုးရာ ဓလေ့စရိုက်များ၊ ပွဲတော်များ၊ ဒေသထွက်ကုန်များ၊ အထိမ်းအမှတ်ပစ္စည်းများ၊ ဒေသအစားအစာများကို အများပြည်သူသိရှိအောင် သတင်းမီဒီယာများ၊ ကြော်ငြာများ၊ လက်ကမ်းစာစောင်များ စသည့်နည်းလမ်းများဖြင့် သိရှိအောင်ဆောင်ရွက်ရေး၊ ဟိုတယ်များတွင် Solar Energy များ ပြောင်းလဲတပ်ဆင်အသုံးပြုနိုင်ရေး၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေးတို့ကို ပြောကြားသည်။



ထို့နောက် နေပြည်တော်ကောင်စီဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များမှာကြားပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **အောင်မျိုးဝင်း(ဥတ္တရ)**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများ အောင်မြင်စွာဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်း

**လွိုင်ကော် မေ ၂၇**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အခြေခံပညာကျောင်းများ အောင်မြင်စွာဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ဇွန် ၂ ရက်မှစ၍ အခြေခံပညာကျောင်းများ စတင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ယခုပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ စိတ်အေးချမ်းသာစွာဖြင့် ပညာသင်ကြားနိုင်ရန် ကျောင်းများ ဥပဓိရုပ်ကောင်းမွန်ရေး၊ သင်ထောက်ကူပစ္စည်းများ၊ သောက်သုံးရေနှင့် လျှပ်စစ်မီး ရရှိရေးတို့အတွက် အဘက်ဘက်မှ ပြည့်စုံအောင် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါကျောင်းများတွင် သင်ကြားမည့် ဆရာ ဆရာမများ ပြည့်စုံမှုရှိစေရေးနှင့် အဆိုပါ ဆရာ ဆရာမများ၏ နေထိုင်ရေးကို သက်ဆိုင်ရာဌာနမှ စနစ်တကျ နေရာချထားပေးရန်လိုကြောင်း၊ အေးချမ်းစွာ ပညာသင်ကြားလိုကြသော ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းသို့ရောက်ရှိရေးနှင့် သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများက စီမံချက်ရေးဆွဲ၍ ဘေးကင်းလုံခြုံရေးအတွက် အလေးထား ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။



ထို့နောက် ပြည်နယ်ပညာရေးမှူး ဒေါ်တင်တင်အေးက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပြည်နယ်အတွင်း ကျောင်းများဖွင့်လှစ်မည့် အခြေအနေ၊ သင်ကြားမည့် ဆရာ ဆရာမများ ရောက်ရှိတာဝန်ထမ်းဆောင်မှုနှင့် နေထိုင်ရေး နေရာချထားမှုနှင့် ယခုပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ်တွင် ကျောင်းသားများ ကျောင်းလာရောက်အပ်နှံမှု အခြေအနေများနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးက မိမိတို့ ဌာနမှ ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဒေသကွပ်ကဲရေးမှူးတို့က ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# စစ်တွေမြို့၌ တိုင်းရင်းသားရေးရာအသိပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက်များကို ဆန်းစစ်စီမံခြင်းအခမ်းအနားကျင်းပ

**စစ်တွေ မေ ၂၇**

တိုင်းရင်းသားရေးရာ အသိပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက်များအား ဆန်းစစ်စီမံခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ယာယီနေရပ်စွန့်ခွာစခန်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ယခု တိုင်းရင်းသားရေးရာ အသိပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြုအသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက်များအား ဆန်းစစ်စီမံခြင်းအစီအစဉ်ကို ကျင်းပပြုလုပ်ပြီး ယာယီနေရပ်စွန့်ခွာစခန်းများတွင် နေထိုင်သည့် တိုင်းရင်းသားများထံမှ စစ်တမ်းကောက်ယူကာ စစ်တမ်းရလဒ်အပေါ်မူတည်၍ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်မွေးဝမ်းကျောင်း သင်တန်းများကို ထပ်မံ ဖွင့်လှစ်ပေးသွားရန်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က တိုင်းရင်းသားရေးရာ အသိပညာပေးဟောပြောခြင်းနှင့်ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက်များအား ဆန်းစစ်ခြင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးက လက်ခံရယူသည်။

ထို့နောက် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနမှ ပြည်နယ်တာဝန်ခံက တိုင်းရင်းသားရေးရာအသိပညာဆိုင်ရာများကိုလည်းကောင်း၊ ပြည်နယ် ပညာရေးမှူးက ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးနှင့် ကျောင်းပြင်ပပညာရေးဆိုင်ရာများကို လည်းကောင်း၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ လူမှုဝန်ထမ်း ဦးစီးဌာန ပြည်နယ်ဦးစီးမှူးက အမျိုးသမီးများနှင့် ကလေးသူငယ်များအား အကာအကွယ်ပေးခြင်းဆိုင်ရာများကို လည်းကောင်း၊ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများကိုလည်းကောင်း ဆွေးနွေးဟောပြောကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**ပြည်နယ်(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် မေ ၂၇ ရက် နံနက်ပိုင်းက ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းဇော်က အမှာစကားများ ပြောကြားသည်။

ထို့နောက် အခြေခံပညာမူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့်အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား နိုင်ငံတော်မှအခမဲ့ဖြန့်ဝေပေးသော ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်နှင့် ကျောင်းဝတ်စုံများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းဇော်နှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများထံ ပေးအပ်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**



# ပြောင်းလဲလာသည့်ရေစီးကြောင်းနှင့် ပြတိုက်ဈေးကွက်ဖော်ဆောင်မှု

သီသီသောင်း

**❖ ပြတိုက်များသည် ဝင်ကြေးတိုးမြှင့်ခြင်း၊ ကားပါကင် ရှုပ်ထွေးခြင်း၊ ဝန်ဆောင်မှု မပြည့်စုံခြင်း၊ ပြခန်းများ ဆွဲဆောင်မှုနည်းပါးခြင်းကဲ့သို့သော အားနည်းချက်များကို ပြုပြင်ထိန်းသိမ်းပြီး နည်းပညာဆန်းသစ်တီထွင်မှုများဖြင့် တိုးတက်မြှင့်တင်သင့်**

**❖ ယခင်က တိတ်ဆိတ်နေသောပြတိုက်များမှ ယနေ့ခေတ်တွင် ဧည့်သည်နှင့်အပြန်အလှန်တက်ကြွစွာ ပါဝင်ဆောင်ရွက်သော လှုပ်ရှားသက်ဝင်နေသည့် ပြတိုက်အဖြစ် ပြောင်းလဲလာရပေမည်။ ထိုပြောင်းလဲမှုများအတွင်း၌ ဈေးကွက်ဖော်ဆောင်မှုလုပ်ငန်းသည် ပရိသတ်သစ်များ ဆွဲဆောင်ခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ရေရှည်တည်တံ့နိုင်သော ပြတိုက်ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ချဲ့ထွင်နိုင်စေရန် အရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်လာ**

*(ယမန်နေ့မှ အဆက်)*

Intangible Services များမှာ မျက်မြင်သိသာသောအရာ မဟုတ်သော်လည်း ပြတိုက်သို့ လာရောက်သည့် ပရိသတ်စိတ်ဝင်စားမှု၊ နောင်ပြန်လည်လာရောက်မည့်အခြေအနေ၊ လူမှုကွန်ရက်များတွင် ညွှန်းဆိုမှုများတိုးလာမှု စသည်တို့တွင် တန်ဖိုးမြင့်စွာ သက်ရောက်မှုရှိပါသည်။ ထို့ကြောင့် ရုပ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများနှင့်အတူ စိတ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများကိုလည်း ဦးစားပေး၍ ဖန်တီးတိုးတက်အောင် ပြုလုပ်သင့်ပါသည်။

ရုပ်ပိုင်းဆိုင်ရာဝန်ဆောင်မှုများဆိုသည်မှာ ပြတိုက်သို့လာရောက်သော ဧည့်သည်များအနေဖြင့် တကယ်လက်တွေ့ခံစားနိုင်သော ဝန်ဆောင်မှုများပင်ဖြစ်သည်။ ဧည့်သည်တစ်ဦးသည် ပြတိုက်သို့ ဝင်ရောက်လာချိန်တွင် စိတ်အေးချမ်းစွာ ကြည့်ရှုနိုင်ရေးအတွက် အောက်ပါဝန်ဆောင်မှုများသည် အရေးကြီးပါသည်–

ဥပမာအားဖြင့် –

(၁) ခေတ်မီနည်းလမ်းဖြင့် ပြခန်းများ ခင်းကျင်းပြသခြင်း၊
(၂) ပြခန်း၊ ပြကွက်များကို နှစ်အလိုက် ပြောင်းလဲခင်းကျင်းခြင်း၊
(၃) လေဝင်လေထွက်ကောင်းမွန်ခြင်းနှင့် လေအေးပေးစနစ်များ တပ်ဆင်ထားခြင်း၊
(၄) ရေသန့်သောက်ရေစက်၊ အိမ်သာနှင့် ရေချိုးခန်းများကို သန့်ရှင်းစွာ ထိန်းသိမ်းထားခြင်း၊
(၅) ဧည့်သည်အနားယူနိုင်သည့် ထိုင်ခုံများနှင့်နေရာများစီစဉ်ပေးခြင်း၊
(၆) အသံဖော်ပြသသည့် Audio Guide နှင့် Multimedia Screens တပ်ဆင်ထားခြင်း၊
(၇) သတင်းအချက်အလက်ပြသသည့် Digital Information Kiosks ဖြင့် အကူအညီပေးနိုင်ခြင်း၊
(၈) အရေးပေါ်လုံခြုံရေးပစ္စည်းများနှင့် အရေးပေါ်ထွက်ပေါက်များ ရှိခြင်း၊
(၉) Wi-Fi အသုံးပြုနိုင်သော ဝန်ဆောင်မှု၊
(၁၀) Gift Shop နှင့် Cafeteria တို့ဖြင့် ဝန်ဆောင်မှု တိုးမြှင့်ပေးခြင်း၊
(၁၁) e-Ticketing System ဖြင့် အွန်လိုင်းမှ လွယ်ကူစွာ လက်မှတ်ကြိုဝယ်နိုင်ခြင်း၊
(၁၂) အံ့သြဖွယ်အတွေ့အကြုံများ ပေးနိုင်သော AR (Augmented Reality) နည်းပညာဖြင့် ပြခန်းအကြောင်းအရာများ ပြသပစ္စည်းအကြောင်းအရာများ ထပ်မံဖော်ပြခြင်း၊
(၁၃) VR (Virtual Reality) နည်းပညာဖြင့် ဧည့်သည်များကို မူရင်းနေရာ၊ အချိန်နှင့် သမိုင်းဝင်အဖြစ်အပျက်များကို ပြန်လည်ခံစားနိုင်ခြင်း၊
(၁၄) Virtual Tour ဝန်ဆောင်မှုဖြင့် တည်နေရာမရွေး အွန်လိုင်းမှ ပြတိုက်အားလုံးကို လေ့လာနိုင်ခြင်း။

ဤဝန်ဆောင်မှုများသည် ဧည့်သည်အတွေ့အကြုံကို မြှင့်တင်ပေးပြီး ခေတ်မီပြတိုက်အဖြစ် ရပ်တည်နိုင်ရန် အရေးကြီးသော အစိတ်အပိုင်းများဖြစ်ပါသည်။ ထိုဝန်ဆောင်မှုများသည် ဧည့်သည်အတွက် သက်သောင့်သက်သာရှိစေပြီး ပိုမိုအရသာရှိသော ပြတိုက်လေ့လာမှု အတွေ့အကြုံကို ဖန်တီးပေးပါသည်။ ထို့အပြင် ဧည့်သည်ကျေနပ်မှု တိုးတက်လာစေပြီး နောက်တစ်ဖန် ပြန်လည်ဝင်ရောက်လာမည့် အလားအလာနှင့် အကြံပြုမှုများရရှိနိုင်ခြင်းတွင်လည်း သက်ရောက်မှုရှိပါသည်။

**ပြတိုက်ဈေးကွက်ဖော်ဆောင်မှုအတွက် နည်းလမ်းများ**

စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာဝန်ဆောင်မှုအပြင် ခေတ်မီနည်းပညာနှင့် အွန်လိုင်းပလက်ဖောင်းများ အသုံးချခြင်းသည်လည်း ပြတိုက်ဈေးကွက်ဖော်ဆောင်မှုအတွက် အရေးကြီးပါသည်။

ယနေ့ခေတ်ပြိုင် Digital Media များအပေါ်တွင် ပြတိုက်များသည် အနာဂတ်လူငယ်များထံသို့ မည်သို့ယှဉ်ပြိုင်နိုင်မည်နည်း။

(၁) လူမှုကွန်ရက်မီဒီယာများမှတစ်ဆင့် ပရိသတ်နှင့် ဆက်သွယ်ခြင်း၊
(၂) ဝက်ဘ်ဆိုက်၊ အွန်လိုင်းပြပွဲများ၊ ဒစ်ဂျစ်တယ်မီဒီယာများ အသုံးပြုခြင်း၊
(၃) နည်းပညာဖန်တီးခင်းကျင်းမှုများ၊ ရှင်းလင်းသည့် မက်ဆေ့များ ဖြန့်ဝေခြင်း၊
(၄) ပြတိုက်၏ အမှတ်တံဆိပ်တန်ဖိုး တည်ဆောက်ခြင်းနှင့် ပရိသတ်ဆက်ဆံရေးတိုးတက်အောင် လုပ်ဆောင်ခြင်း၊

ဤနည်းလမ်းများအား လေ့လာ၍ စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ပြတိုက် အတွေ့အကြုံကို မြှင့်တင်နိုင်ပြီး ယှဉ်ပြိုင်မှုရှိသည့် ယနေ့ခေတ်တွင် ပိုမိုကောင်းမွန်သော ဧည့်သည်ဝန်ဆောင်မှုများ ပေးနိုင်လိမ့်မည်ဖြစ်ပေသည်။

**အောင်မြင်မှုအတွက် မဟာဗျူဟာ**

ပြတိုက်များသည် ဝင်ကြေးတိုးမြှင့်ခြင်း၊ ကားပါကင် ရှုပ်ထွေးခြင်း၊ ဝန်ဆောင်မှု မပြည့်စုံခြင်း၊ ပြခန်းများ ဆွဲဆောင်မှုနည်းပါးခြင်း ကဲ့သို့သော အားနည်းချက်များကို ပြုပြင်ထိန်းသိမ်းပြီး နည်းပညာဆန်းသစ်တီထွင်မှုများဖြင့် တိုးတက်မြှင့်တင်သင့်ပါသည်။ ဧည့်သည်များ၏ မကျေနပ်မှုများကိုလည်း အရေးတယူလက်ခံကာ၊ ချက်ချင်းတုံ့ပြန်ဖြေရှင်းပေးပါက ပိုမိုထောက်ခံမှုရရှိပြီး ပြတိုက်၏ အမှတ်တံဆိပ် စွဲမြဲသွားမည်ဖြစ်သည်။

ဧည့်သည်မကျေနပ်မှုများကို ကောင်းစွာကိုင်တွယ်ရာတွင် သေချာသော လုပ်ထုံးလုပ်နည်းများအတိုင်းတုံ့ပြန်ကာ ပြတိုက်မှအမှားများ ရှိပါက တာဝန်ယူ၍ ဝန်ခံ၊ တောင်းပန်ကာ နစ်နာမှုမရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ထို့နောက် အမှားများမှ သင်ခန်းစာယူကာ စနစ်တကျတိုးတက်အောင် ကြိုးစားသင့်သည်။ ပြတိုက်ရှိ အကြံပြုစာအုပ်များမှ ဝေဖန်အကြံပြုချက်များကိုလည်း လက်ခံကာ အကောင်အထည်ဖော်သင့်သည်။ မကျေနပ်မှုများကို လျင်မြန်စွာ ဖြေရှင်းနိုင်ရန် ကောင်းမွန်သည့်တုံ့ပြန်မှုရှိရမည်ဖြစ်သည်။

ယခင်က တိတ်ဆိတ်နေသော ပြတိုက်များမှ ယနေ့ခေတ်တွင် ဧည့်သည်နှင့် အပြန်အလှန်တက်ကြွစွာ ပါဝင်ဆောင်ရွက်သော လှုပ်ရှားသက်ဝင်နေသည့် ပြတိုက်အဖြစ် ပြောင်းလဲလာရပေမည်။ ထိုပြောင်းလဲမှုများအတွင်း၌ ဈေးကွက်ဖော်ဆောင်မှုလုပ်ငန်းသည် ပရိသတ်သစ်များ ဆွဲဆောင်ခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ရေရှည်တည်တံ့နိုင်သော ပြတိုက်ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ချဲ့ထွင်နိုင်စေရန် အရေးပါသော အခန်းကဏ္ဍတစ်ခု ဖြစ်လာပေမည်။

ထို့ကြောင့်ပြတိုက်များသည် ယနေ့ခေတ် လူ့အဖွဲ့အစည်းအတွင်း၌ ပညာရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် လူမှုဖွံ့ဖြိုးရေးတို့တွင် တာဝန်ယူမှုများကို အကောင်းဆုံးဖြည့်ဆည်းနိုင်ရန် ဈေးကွက်ဖော်ဆောင်မှုကို မဖြစ်မနေထည့်သွင်းဆောင်ရွက်ရမည်ဖြစ်သည်။ ထိုပြုပြင်ပြောင်းလဲမှုများကြောင့် ဧည့်သည်များ၏ စိတ်ကျေနပ်မှုနှင့် ယုံကြည်မှု တိုးတက်လာမည်ဖြစ်သည်။

ထို့ကြောင့် ပြတိုက်များအောင်မြင်ရေးအတွက် Marketing Plan များကို ညှိနှိုင်းရေးဆွဲထားသင့်ပြီး ဧည့်သည်များ စိတ်အားထက်သန်စွာ ပိုမိုဝင်ရောက်လေ့လာခြင်းဖြင့် ပြတိုက်၏ ဂုဏ်သတင်းမြင့်တက်လာစေမည်ဖြစ်သည်။

မိမိပြတိုက်များအနေဖြင့် ခေတ်မီနည်းစနစ်များနှင့် ပြတိုက်ဈေးကွက်ဖော်ဆောင်မှုကို အောင်မြင်စွာအကောင်အထည်ဖော်ရန်အတွက် ပညာရေးအဖွဲ့အစည်းများ၊ ခရီးသွားလုပ်ငန်းများ၊ မီဒီယာအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သင့်ပါသည်။ ဥပမာအားဖြင့် ကျောင်းများနှင့် ပညာရေးအစီအစဉ်များ ပူးပေါင်းမှု၊ ခရီးသွားလုပ်ငန်းများမှ Visitor Packages ထည့်သွင်းခြင်း၊ မီဒီယာအဖွဲ့များနှင့် ဆက်သွယ်၍ ပြတိုက်လုပ်ဆောင်မှုများကို ပိုမိုကျယ်ပြန့်စွာ အသိပညာပေးနိုင်ရန် စီမံခန့်ခွဲသင့်ပါသည်။

**ပြတိုက်ဈေးကွက်ဖော်ဆောင်မှုဆိုင်ရာ အောင်မြင်မှုနမူနာများ**

နိုင်ငံတကာနှင့် ပြည်တွင်းမှ ဥပမာပြုနိုင်သည့် ပြတိုက်ဈေးကွက်ဖော်ဆောင်မှု အောင်မြင်မှုနမူနာများကို ထည့်သွင်းဖော်ပြရသော် – ဗြိတိန်နိုင်ငံ Tate Modern ပြတိုက်သည် ခေတ်မီနည်းပညာများ၊ ဖျော်ဖြေရေးလှုပ်ရှားမှုများနှင့် လူငယ်စိတ်ဝင်စားမှုများကို ရည်ရွယ်သော သရုပ်ပြပွဲများမှတစ်ဆင့် ပရိသတ်အခြေပြု ဈေးကွက်ဖော်ဆောင်မှု မူဝါဒများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ ထိုပြတိုက်သည် လူငယ်များအတွက် အခမဲ့ဝင်ခွင့်များ၊ ရုပ်ရှင်များနှင့် အသံဖိုင်ဖြင့် သမိုင်းအကြောင်း ရှင်းပြသောအစီအစဉ်များဖြင့် ဆွဲဆောင်မှုကို တိုးမြှင့်ထားပါသည်။

ထို့အပြင် အမေရိကန် Smithsonian ပြတိုက်တွင် Digital Marketing မဟာဗျူဟာအဖြစ် Virtual exhibitions၊ interactive websites နှင့် Social Media များကို ထိရောက်စွာ အသုံးပြုခြင်းအားဖြင့် ဒစ်ဂျစ်တယ်နည်းပညာ တိုးတက်မှုများမှ ရရှိသော အခွင့်အလမ်းများအား အသုံးချကာ နိုင်ငံတကာပရိသတ်များကို ဆွဲဆောင်နိုင်ခဲ့သည်။ British Museum သည် တစ်နှစ်လျှင် ဧည့်သည်သန်းချီ ဝင်ရောက်ကြည့်ရှုမှုရရှိနေပြီး ဒစ်ဂျစ်တယ်မီဒီယာ Virtual Tour နှင့် Educational Podcast များကို အသုံးပြုကာ ဈေးကွက်ဖော်ဆောင်မှုများ ပြုလုပ်လျက်ရှိသည်။ National Museum of Korea သည် ပရိသတ်ဆွဲဆောင်မှုအတွက် Youth Curator Programs၊ Thematic Exhibitions၊ Interactive Displays နှင့် ပညာရေးဗျူဟာများကို အသုံးချကာ မိသားစုများနှင့် ပညာရေးဆိုင်ရာ ဆက်သွယ်မှုများကို တိုးတက်ကောင်းမွန်စေရန် ပြတိုက်ကို ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းအနေဖြင့်လည်း အမျိုးသားပြတိုက် (ရန်ကုန်) တွင် ပြတိုက် ဈေးကွက်ဖော်ဆောင်မှုကို စတင်အသုံးချလျက်ရှိသည့် ဥပမာတစ်ခုအဖြစ် ကျောင်းသား ကျောင်းသူ၊ သံဃာ၊ သီလရှင်၊ ကလေးသူငယ်နှင့် အသက် ၆၀ နှစ်အထက် လူကြီးများအား ပြတိုက်ဝင်ကြေး အခမဲ့ပေးခြင်း၊ အထူးပြပွဲများ ခင်းကျင်းပြသခြင်း၊ ခေတ်မီနည်းပညာ အသုံးချမှုဖြင့် QR Code System၊ Audio Guide၊ E-ticket System၊ Digital Inventory Management System၊ AR System Exhibition၊Touch Screen၊ Holographic Fan စနစ်များကို ဧည့်သည်အတွေ့အကြုံတိုးတက်စေရန် ကြိုးပမ်းမှုများ မြင်တွေ့ရပါသည်။ ထိုနမူနာများသည် ပြတိုက်ဈေးကွက်ဖော်ဆောင်မှုတွင် ဖန်တီးမှု၊ နည်းပညာအသုံးချမှုနှင့် ပရိသတ်စိတ်ကြိုက်ဝန်ဆောင်မှုတို့သည် အရေးပါကြောင်း ပြသသည့် သက်သေအထောက်အထားများ ဖြစ်ပါသည်။

**AIDA Model အသုံးပြု၍ Audience Engagementရရှိစေခြင်း**

AIDA မော်ဒယ်သည် ဈေးကွက်ဖော်ဆောင်မှု၌ အထိရောက်ဆုံး အသုံးပြုနိုင်သည့် audience engagement နည်းလမ်းတစ်ခုဖြစ်သည်။ AIDA မော်ဒယ်ကို တိကျစွာ အသုံးပြုခြင်းဖြင့် ပြတိုက်များသည် ဧည့်သည်များနှင့် ထိထိရောက်ရောက် ဆက်သွယ်နိုင်ပြီး ပြတိုက်အပေါ် စိတ်ဝင်စားမှုနှင့် ပူးပေါင်းမှုများကို ထိန်းသိမ်းမြှင့်တင်နိုင်သည်။ ပြတိုက်များသည် ဧည့်သည်များ၏ စိတ်ဝင်စားမှုကို အဆင့်ဆင့်မြှင့်တင်ကာ တက်ကြွစွာ ပါဝင်မှုရရှိစေရန် ဤမော်ဒယ်ကို အသုံးချနိုင်သည်။

*စာမျက်နှာ ၁၁ သို့*

# ကန်ကြီးထောင့်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထယ်ထိုးထည့်သွင်းခြင်းအခမ်းအနားကျင်းပ

**ကန်ကြီးထောင့် မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထယ်ထိုးထည့်သွင်းခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက သဘော့ငူကျေးရွာအုပ်စု သဘော့ချောင်းကျေးရွာတွင် ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ဦးဆောင်သော အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများသည် သဘော့ငူကျေးရွာအုပ်စု၊ သဘော့ချောင်းကျေးရွာရှိ ကွင်းအမှတ် ၁၈၇E၊ ဦးပိုင်အမှတ် ၃၆၊ တောင်သူဦးသက်ပိုင်စိုး၏ လယ်ဧက လေးဧကရှိ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)အား ထယ်ထိုးထည့်သွင်းခြင်းကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူများနှင့်တွေ့ဆုံ၍ အားပေးစကားများ ပြောကြားသည်။

သစ်စိမ်းမြေဩဇာ အများစုသည် ပဲမျိုးနွယ်ဝင်အပင်များဖြစ်ပြီး သစ်ဆွေးဓာတ်ပျမ်းမျှ ၆၅ရာခိုင်နှုန်း ခန့် ပါဝင်သဖြင့် ဆွေးမြည့်မှုမြန်ကာ မြေတွင်အဓိကနိုက်ထရိုဂျင်ဓာတ်နှင့် သစ်ဆွေးဓာတ်များရရှိခြင်း၊ သစ်စိမ်းမြေဩဇာသည် အဓိကသီးနှံမစိုက်မီနှင့် စိုက်ပြီးချိန်တွင် စိုက်ရသဖြင့် ၎င်းအချိန်တွင် အကြောင်းအမျိုးမျိုးကြောင့် အပင်အဟာရများ မဆုံးရှုံးစေဘဲ သစ်စိမ်းမြေဩဇာအပင်မှ အပေါ်ယံနှင့် မြေအောက်လွှာများပါ အပင်အာဟာရဓာတ်များ မြေအတွင်း ပြန်ထည့်ပေးရာရောက်သဖြင့် အာဟာရဓာတ်များ မဆုံးရှုံးစေခြင်း၊ မြေအောက်မှ အာဟာရဓာတ်များကို မြေပေါ်သို့ ပြန်တင်ပေးနိုင်ခြင်း၊ သစ်စိမ်းမြေဩဇာများ ကျွေးပေးခြင်းကြောင့် မြေတွင် သစ်ဆွေးဓာတ်ကြွယ်ဝလာစေသဖြင့် မြေဆီလွှာဖွဲ့စည်းမှု ရေထိန်းသိမ်းနိုင်မှု လေဝင်လေထွက်မျှတမှုများကောင်းစေပြီး စိုက်ပျိုးထားချိန်တွင် မြေကိုအကာအကွယ်သဘောရရှိစေသဖြင့် မြေဆီလွှာတိုက်စားမှုဘက်မှလည်း ကာကွယ်ရာရောက်ခြင်း၊ သစ်စိမ်းမြေဩဇာကျွေးခြင်းကြောင့် ဓာတ်မြေဩဇာ၏ အကျိုးအာနိသင် ကောင်းမွန်လာစေခြင်းနှင့် အပင်အာဟာရဓာတ်များသည် သီးနှံရယူနိုင်သောပုံစံများအဖြစ် ကြာရှည်စွာထိန်းသိမ်းထားနိုင်ခြင်း၊ သစ်စိမ်းမြေဩဇာအပင်များသည် ကြီးထွားမှုမြန်ပြီး မြေပေါ်သို့ အချိန်တိုအတွင်း ဖုံးလွှမ်းသွားနိုင်သဖြင့် သစ်စိမ်းပင်များပေါက်နေချိန်တွင် ပေါင်းနှိမ်နင်းပေးရာရောက်စေပြီး အချို့သစ်စိမ်းပင်များ (ဥပမာ-ပိုက်ဆံလျှော်)ပင်အမြစ်မှ ပေါင်းသေစေနိုင်သော စစ်ထုတ်ရည်များ ထုတ်လုပ်ပေးနိုင်သဖြင့်နောက်စိုက်သော အဓိကသီးနှံတွင် ပေါင်းသက်သာစေခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက် စုပ်ယူမှုအားကောင်းသဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ကို လျှော့ချနိုင်ပြီး ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို အထိုက်အလျောက်ကာကွယ်ပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။





**မြို့နယ်(ပြန်/ဆက်)**

# အင်းစိန်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာပွင့်ဖြူဖြူ ဦးဆောင်သောအဖွဲ့သည် မေ ၂၆ ရက်တွင် အင်းစိန်မြို့နယ် မြို့သစ် ကခ ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ခြင်ကျား နှိမ်နင်းရေးလုပ်ငန်းများဖြစ်သည့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ရပ်ကွက်နေ ပြည်သူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာ၊ မြို့နယ်ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များနှင့်ရပ်ကွက်အုပ်ချုပ်ရေး အဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။



**ဇင်မင်းထိုက်(ပြန်/ဆက်)**

**ဇီဝမျိုးစုံကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။**

# ဇလွန်မြို့နယ် ပြည်သူ့ဆေးရုံ၌ ဟင်္သာတမြို့နယ်ဆေးရုံမှ အထူးကုဆရာဝန်ကြီးများ လာရောက်ကုသပေး

**ဇလွန် မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသီဟ၏ ကြီးကြပ်မှုဖြင့် ဟင်္သာတခရိုင် ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဖြိုးဝေဝင်း ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများပါဝင်သောဆေးကုသရေးအဖွဲ့သည် ဇလွန်မြို့ရှိ ဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းကို မေ ၂၅ရက် နံနက် ၇ နာရီမှ စတင်၍ မြို့နယ်ပြည်သူ့ဆေးရုံ၌ အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြသည်။



ဆေးကုသရေး အဖွဲ့သည် ဇလွန်မြို့နယ် ပြည်သူ့ဆေးရုံတွင် အထွေထွေရောဂါ၊ ကလေးရောဂါ၊ အရိုးလူနာရောဂါ၊ ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေး ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ နားနှာခေါင်း လည်ချောင်းရောဂါ ဒေသခံပြည်သူ စုစုပေါင်း ၆၀၅ ဦးတို့အား လိုအပ်သည့် ဆေးဝါးကုမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

**အေးမြသက်ထား**

*စာမျက်နှာ ၁၀ မှ*

ဤမော်ဒယ်တွင် Attention (အာရုံစိုက်မှုကို ဆွဲဆောင်ခြင်း) ထူးခြားသော ပြပွဲများ၊ သတင်းစာနှင့်မီဒီယာတွင် ထင်ပေါ်လှုပ်ရှားမှုများ၊ Interest (စိတ်ဝင်စားမှု) Storytelling ပုံစံဖြင့် ပြသမှု၊ စိတ်ဝင်စားဖွယ်ဖြစ်အောင် Interactive Exhibition များ ဖန်တီးခြင်း၊ Desire (စိတ်ထက်သန်မှု) သမိုင်းကြောင်းရုပ်သံ/ရုပ်ပုံများနှင့် အတွေ့အကြုံဖန်တီးခြင်း (personalized experiences) နှင့် Action(လုပ်ဆောင်မှုပြောင်းလဲခြင်း) Online Booking၊ Membership Program ၊ Gift Shop Promotion များဖြင့် တက်ကြွစွာ ဝင်ရောက်မှုဖြစ်စေခြင်းတို့ ပါဝင်သည်။

ယနေ့ခေတ်ကာလ၌ ပြတိုက်ဈေးကွက်ဖော်ဆောင်မှုသည် စဉ်ဆက်မပြတ်ပြောင်းလဲလာရာ ပြည်တွင်းပြတိုက်များအနေဖြင့်လည်း ခေတ်သစ်စိန်ခေါ်မှုများနှင့် ရင်ဆိုင်နိုင်ရန် ဆန်းသစ်တီထွင်မှုဖြင့် ဈေးကွက်ဖော်ဆောင်ရေးပေါ်တွင် ဦးတည်ဆောင်ရွက်သင့်ပါသည်။ လူ့ဘောင်၏ စိတ်ဝင်စားမှုများ ပြောင်းလဲသွားသည့် ကမ္ဘာတွင် ပြတိုက်များအနေဖြင့် ဈေးကွက်ဖော်ဆောင်ရေး နည်းလမ်းဟောင်းများသာမက ခေတ်မီနည်းလမ်းအသစ်များဖြင့်လည်း ပုံဖော်လုပ်ဆောင်သင့်ပြီဖြစ်ပါသည်။

ယနေ့ခေတ်တွင် ပြတိုက်များသည် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းပြသသည့်အပြင် လူမှုအကျိုးပြု ဝန်ဆောင်မှုလုပ်ငန်းအဖြစ် ပြောင်းလဲလာခဲ့ကြသည်။ ထို့ကြောင့် ဧည့်သည် လိုအပ်ချက်များအလိုက် ခေတ်မီ မီဒီယာပလက်ဖောင်းများကို အသုံးပြုကာ ပိုမိုစိတ်ဝင်စားဖွယ် ဝန်ဆောင်မှုများဖြင့် ဈေးကွက်ဖော်ဆောင်မှု လုပ်ဆောင်သင့်လာပြီဖြစ်သည်။ ဈေးကွက်ဖော်ဆောင်မှုသည် ဧည့်သည်များအပေါ် သဘောထားကောင်းမွန်မှု တည်ဆောက်ပေးနိုင်သည့်အပြင် ပြတိုက်၏ ရည်ရွယ်ချက်များနှင့် ခေတ်နှင့်တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများကို ထောက်ပံ့နိုင်သည့် အရေးကြီးသော အစိတ်အပိုင်းတစ်ခုလည်းဖြစ်ပေသည်။ ၎င်းသည် ပရိသတ်အသစ်များကို ဆွဲဆောင်ရန်နှင့် ရောက်ဖူးသူဧည့်သည်များအနေဖြင့် နောက်တစ်ဖန် ပြန်လည်လာရောက်ကြည့်ရှုစေသည့် ယုံကြည်မှုရှိသော ဆက်သွယ်မှုတစ်ခု တည်ဆောက်ပေးနိုင်မည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ပြောင်းလဲလာသော လူ့ဘောင်၊ နည်းပညာဖွံ့ဖြိုးမှုနှင့် ခရီးသွားစီးပွားရေး အလားအလာများနှင့် ကိုက်ညီစွာ မြန်မာပြတိုက်များအနေဖြင့် ယှဉ်ပြိုင်နိုင်မည့် ဈေးကွက်ဖော်ဆောင်မှု မဟာဗျူဟာတစ်ရပ်ကို တည်ဆောက်ရာတွင် ခေတ်မီ ဧည့်သည်ဝန်ဆောင်မှုစနစ်များ၊ Digital tools များ၏ ထိထိရောက်ရောက် အသုံးချမှု၊ လူငယ်များနှင့် ပူးပေါင်းဖန်တီးမှုများ၊ ဆန်းသစ်မှုများ ပါဝင်သင့်ပါသည်။ ခေတ်အဆက်ဆက် ပြောင်းလဲလာသော လူ့အသိုင်းအဝိုင်းများနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုများအရ မြန်မာပြတိုက်များအတွက် ဈေးကွက်ဖော်ဆောင်မှုသည် အရေးပါသည့် အခန်းကဏ္ဍတစ်ခုဖြစ်လာပေသည်။ ပရိသတ်အခြေပြု ဈေးကွက်ဖော်ဆောင်မှု (Audience–Centered Marketing) ကို စနစ်တကျ အသုံးချခြင်း၊ ထို့အပြင် ခေတ်မီနည်းပညာများဖြင့် ပြတိုက်ဝန်ဆောင်မှုများကို အဆင့်မြှင့်တင်ခြင်းတို့သည် မြန်မာပြတိုက်များ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ထိရောက်မှုရှိလာပေမည်။

သို့ဖြစ်ပါက မြန်မာပြတိုက်များသည် မျက်မှောက်ခေတ် လူ့ဘောင်အတွင်း ပညာရေးရေးရာ၊ ယဉ်ကျေးမှုဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ တန်ဖိုးမြင့်သော အဖွဲ့အစည်းများအဖြစ် ခိုင်မြဲစွာ ရပ်တည်နိုင်မည်ဖြစ်ပြီး ခေတ်အဆင့်အတန်းနှင့်အညီ စနစ်တကျပြတိုက်ဈေးကွက်ဖော်ဆောင်မှုကို အသုံးချနိုင်ပါက ပြတိုက်များသည် လူထုအတွက် ခေတ်မီသော ပညာရေးနှင့် ယဉ်ကျေးမှုဗဟုသုတ မြှင့်တင်ရာ မြန်မာ့အမွေအနှစ်ဗိသုကာအဖြစ် တန်ဖိုးရှိရှိ ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။

**References**

American Alliance of Museums. (2017). Marketing museums: Principles and practices. AAM Press.

Bowen, J. P., & Roth, R. (2002). Museums and marketing: An introduction. Routledge.

International Council of Museums (ICOM). (n.d.). ICOM – International Council of Museums. https://icom.museum

Kotler, P., & Kotler, N. (1998). Museum strategy and marketing: Designing missions, building audiences, generating revenue and resources. Jossey–Bass Publishers.

Thi Thi Thaung. (2010). အမျိုးသားပြတိုက်နှင့် ဈေးကွက်သုံးသပ်မှုအမြင်လေ့လာချက် [Market analysis perspective of the National Museum] (Unpublished postgraduate diploma thesis). National University of Arts and Culture (Yangon).

Thi Thi Thaung. (2017). Museum marketing, public education and public relation (Unpublished master's thesis). National University of Arts and Culture (Yangon).

Thi Thi Thaung. (2024). Sustainable development of museums in Myanmar: Challenges and opportunities (Case study: National Museum in Yangon) (Master's thesis). Yangon University of Economics.

# နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

**နေပြည်တော် မေ ၂၇**

၂၈-၃-၂၀၂၅ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ ဘေးသင့်ခဲ့သော ပြည်သူများအတွက် ပြည်တွင်း / ပြည်ပ စေတနာရှင်၊ အလှူရှင်များ၏ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ လှူဒါန်းထောက်ပံ့မှုနှင့်ဘေးသင့်ဒေသများသို့ ဖြန့်ခွဲထောက်ပံ့ ဆောင်ရွက်မှုများကို အပတ်စဉ် သတင်းထုတ်ပြန်ပေးလျက်ရှိရာ မေလ ၁၃ ရက်နေ့မှ ၁၉ ရက်နေ့အထိ အခြေအနေကို ၂၁-၅-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ မေလ ၂၀ ရက်နေ့မှ ၂၇ ရက်နေ့အထိ ရက်သတ္တတစ်ပတ်အတွင်း ထိုင်းနိုင်ငံရောက် စေတနာရှင်များ၊ သီရိလင်္ကာနိုင်ငံနှင့် တရုတ်နိုင်ငံ ချုံချင့်မြူနီစီပယ်အစိုးရတို့မှ ထပ်မံပေးပို့လှူဒါန်းလာသော မိုးကာတဲ၊ မီးစက်၊ စားသောက်ကုန်၊ လူသုံးကုန်၊ အိမ်သုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးနှင့် ဆေးပစ္စည်းများအနက် ဆေးနှင့် ဆေးပစ္စည်းများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကော်မတီ (ကျန်းမာရေးဝန်ကြီးဌာန)သို့ လည်းကောင်း၊ မီးစက်၊ စားသောက်ကုန်၊ လူသုံးကုန်၊ အိမ်သုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်းများကို ဘေးသင့်လူဦးရေ အချိုးအစားအပေါ် မူတည်၍ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ *စာမျက်နှာ ၁၃ သို့*



သီရိလင်္ကာနိုင်ငံမှ လှူဒါန်းပစ္စည်းများ ရောက်ရှိမှုမှတ်တမ်းပုံ။



တရုတ်နိုင်ငံ ချုံချင့်မြူနီစီပယ်အစိုးရမှ လှူဒါန်းပစ္စည်းများ ရောက်ရှိမှုမှတ်တမ်းပုံ။



တရုတ်နိုင်ငံမှ လှူဒါန်းသည့် Prefabricated House များ ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ရောက်ရှိမှု မှတ်တမ်းပုံ။




အိန္ဒိယနိုင်ငံမှ လှူဒါန်းသည့် ဘိလပ်မြေ ၂၂၅ တန် လွှဲပြောင်းလက်ခံမှု မှတ်တမ်းပုံ။

ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှ ပေးပို့ထောက်ပံ့သည့်လှူဒါန်းပစ္စည်းမျိုးစုံ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုစာရင်းချုပ် (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၇-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ အရွယ်အစားမျိုးစုံ | လုံး | ၁၄၅၈၈ | ၂၇၉၈ | ၈၀၁ | ၁၇၃၉ | ၁၀၀ | ၄၅၄၈ | ၄၆၀၂ | |
| ၂ | တာပေါ်လင်/ မိုးကာစမျိုးစုံ | လိပ် | ၇၇၅ | ၁၀ | ၄၁၅ | - | - | ၁၅၀ | ၂၀၀ | |
| | | အိတ် | ၄ | - | ၄ | - | - | - | - | |
| | | ထုပ် | ၂၇၆၁ | ၄ | ၂၅ | ၁၄၉၇ | - | ၅၁၄ | ၇၂၁ | |
| | | ဖာ | ၁၈၉ | ၁၈၉ | - | - | - | - | - | |
| | | ချပ် | ၂၃၉၀ | - | ၁၅၆ | ၁၂ | | ၉၄၈ | ၁၂၇၄ | |
| ၃ | Hygiene Kit | ခု | ၃၀၁၇ | ၁၀၀၀ | ၁၄၀၀ | ၆၁၇ | - | - | - | |
| | | ဖာ | ၄၃၈၆ | ၁၅၄၂ | ၂၀၇၈ | ၁၁၈ | ၆၄၈ | - | - | |
| ၄ | Kitchen Set | စုံ | ၃၆၂၄ | ၉၇၄ | ၁၅၂၀ | ၉၈၉ | ၁၄၁ | - | - | |
| | | ဖာ | ၆၁၈ | ၂၀၂ | ၃၉၁ | ၁၃ | ၁၂ | - | - | |
| ၅ | မီးစက် | လုံး | ၁၆၅ | ၃၇ | ၁၀၀ | ၂၄ | ၃ | ၁ | - | |
| ၆ | ရေသန့်စက် | လုံး | ၁၀၀၃ | - | ၁၀၀၃ | - | - | - | - | |
| | | ဖာ | ၁၈ | ၈ | ၈ | ၁ | ၁ | - | - | |
| ၇ | Sleeping Bags | ထုပ် | ၄၇၄ | ၁၈၂ | ၂၅၇ | ၁၆ | ၁၉ | - | - | |
| | | ခု | ၁၄၄ | ၆၂ | ၇၄ | ၃ | ၅ | - | - | |
| | | ဖာ | ၁၆၄ | ၈၂ | ၇၀ | ၅ | ၇ | - | - | |
| ၈ | စားသောက်ကုန် ပစ္စည်းမျိုးစုံ | မျိုး | ၁၀၀ | ၂၇ | ၄၇ | ၂၀ | ၆ | - | - | |
| | | ဖာ | ၁၈၇၀၆ | ၉၅၉၇ | ၇၂၈၈ | ၁၃၃၁ | ၄၀၄ | ၈၆ | - | |
| | | အိတ် | ၂၅၀ | ၉၂ | ၁၄၀ | ၈ | ၁၀ | - | - | |
| | | ကတ် | ၁၀၀ | ၁၀၀ | - | - | - | - | - | |
| | | ထုပ် | ၉၂ | ၄၂ | ၄၁ | ၄ | ၅ | | - | |
| ၉ | လူသုံးကုန် ပစ္စည်းမျိုးစုံ | မျိုး | ၈၉ | ၂၅ | ၃၇ | ၈ | ၁၀ | ၉ | - | |
| | | ဖာ | ၄၃၈၈ | ၁၀၀၇ | ၂၂၈၆ | ၉၅၄ | ၁၀၈ | ၃၃ | - | |
| | | ထုပ် | ၁၇၈၅ | ၆၉၀ | ၉၅၉ | ၇၂ | ၆၄ | - | - | |
| | | ခု | ၁၆၆၄ | ၇၄၅ | ၇၇၃ | ၆၇ | ၇၉ | - | - | |
| | | ထည် | ၅၉ | ၂၇ | ၂၄ | ၄ | ၄ | | - | |
| ၁၀ | အိမ်သုံးပစ္စည်းများ | မျိုး | ၃၇ | ၄ | ၂၁ | ၁၁ | ၁ | - | - | |
| | | ဖာ | ၉၈ | ၃၉ | ၄၀ | ၉ | ၈ | ၂ | - | |
| | | စုံ | ၂၁၀၈ | ၂၀၄၉ | ၄၇ | ၅ | ၇ | - | - | |
| ၁၁ | လျှပ်စစ် ပစ္စည်းမျိုးစုံ | လုံး | ၂၃ | ၁၀ | ၉ | ၂ | ၂ | - | - | |
| | | မျိုး | ၇ | ၂ | ၃ | ၁ | ၁ | - | - | |
| | | ဖာ | ၃၃၁ | ၁၃၀ | ၁၇၆ | ၁၄ | ၁၁ | - | - | |
| ၁၂ | ဆေးနှင့် ဆေးပစ္စည်းမျိုးစုံ | မျိုး | ၆၆၆ | ၁ | ၈ | - | ၂ | ၆၅၅ | - | |
| | | အိတ် | ၁၅၀၂၀ | ၄၉၉၅ | ၉၀၆၀ | ၅၄၀ | ၄၀၅ | ၂၀ | - | |
| | | ဖာ | ၁၇၆၇ | ၂၆ | - | - | - | ၁၇၄၁ | - | |
| ၁၃ | ခွဲစိတ်ခန်းသုံးပစ္စည်း | မျိုး | ၁၁၆ | - | - | - | - | ၁၁၆ | - | |

*စာမျက်နှာ ၁၂ မှ*

မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့သို့ ဖြန့်ခွဲပေးပို့ပြီးဖြစ်ပါသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံက လှူဒါန်းသည့် ဒီဇယ်ဆီတန် ၁၁၉၃၀ ဒသမ ၅၀၅ နှင့် ဓာတ်ဆီတန် ၂၉၄၀ ဒသမ ၀၅၅ တို့သည် ၂၃-၅-၂၀၂၅ ရက်နေ့တွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ထပ်မံရောက်ရှိခဲ့ရာ စုစုပေါင်း ဒီဇယ်ဆီတန် ၂၉၉၃၀ ဒသမ ၅၀၅ နှင့် ဓာတ်ဆီ တန် ၁၉၉၄၀ ဒသမ ၀၅၅ တို့ကို စွမ်းအင်ဝန်ကြီးဌာနက စနစ်တကျ သိမ်းဆည်းသိုလှောင်၍ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် အသုံးပြုလျက်ရှိပါသည်။

အိန္ဒိယနိုင်ငံမှ လှူဒါန်းသည့် ဘိလပ်မြေ ၂၂၅ တန် (အိတ် ၄၅၀၀) သည် ၂၄-၅-၂၀၂၅ ရက်နေ့တွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ရောက်ရှိခဲ့ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးက လွှဲပြောင်းပေးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က လက်ခံရယူပြီးနောက်ဘေးသင့်ဒေသများသို့ ပို့ဆောင်၍ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် သုံးစွဲသွားမည်ဖြစ်ပါသည်။

ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် လျောင်ဘေးသင့်ဒေသများတွင် ယာယီရုံးများအဖြစ် အသုံးပြုရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသည့် Prefabricated Office အလုံး ၅၀၀ အနက် ၃၄၀ သည်၂-၅-၂၀၂၅ရက်နေ့တွင်လည်းကောင်း၊ အလုံး ၁၆၀ သည် ၂၄-၅-၂၀၂၅ ရက်နေ့တွင် လည်းကောင်း ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ရောက်ရှိခဲ့ပြီး ဘေးသင့်ဒေသများတွင် ယာယီရုံးများအဖြစ် တပ်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ယာယီအိမ်များအဖြစ် အသုံးပြုရန် လှူဒါန်းသည့် Prefabricated House အလုံး ၄၅၀၀ အနက် ၁၅၇၆ လုံးသည် ၉-၅-၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ ၁၈၀၄ လုံးသည် ၁၃-၅-၂၀၂၅ ရက်နေ့တွင် လည်းကောင်း၊ အလုံး ၁၁၂၀ သည် ၂၄-၅-၂၀၂၅ ရက်နေ့တွင် လည်းကောင်း ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပြီး ဘေးသင့်ဒေသများ၌ တပ်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

ငလျင်လှုပ်ခတ်ခဲ့သည့် ၂၈-၃-၂၀၂၅ ရက်နေ့မှ ယနေ့အထိ လှူဒါန်းပစ္စည်းများ ဖြန့်ခွဲပေးပို့မှု စုစုပေါင်းမှာ မန္တလေးတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၆၁ စီး၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၃၂ စီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)သို့ မော်တော်ယာဉ် ၁၁ စီးဖြစ်ပါသည်။

နိုင်ငံတကာအလှူရှင်များက ၂၀-၅-၂၀၂၅ ရက်နေ့မှ ၂၇-၅-၂၀၂၅ ရက်နေ့အထိ ရက်သတ္တတစ်ပတ်အတွင်း ပေးပို့လှူဒါန်းသည့် ပစ္စည်းများကို ဘေးသင့်ပြည်သူများအတွက် ဖြန့်ခွဲပေးပို့နိုင်ရေး ဆောင်ရွက်ထားမှုကို ပူးတွဲပါ ဇယားများဖြင့် ဖော်ပြအပ်ပါသည်။ ထပ်မံလှူဒါန်းလာသည့် ပစ္စည်းများရောက်ရှိမှုနှင့် လျောင်ဘေးသင့်ပြည်သူများထံ အမြန်ဆုံးရောက်ရှိ ဖြန့်ခွဲမှုတို့ကို တစ်ပတ်လျှင် တစ်ကြိမ် ဆက်လက်သတင်းထုတ်ပြန်သွားမည် ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ **သတင်းစဉ်**



နေပြည်တော်ကောင်စီနယ်မြေအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်းပုံ။



ရှမ်းပြည်နယ်အတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်းပုံ။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အလှူစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်းပုံ။

### တရုတ်နိုင်ငံ ချုံချင့်မြူနီစီပယ်အစိုးရမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၂၀-၅-၂၀၂၅ ရက်နေ့မှ ၂၇-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | Sleeping Bags | ထုပ် | ၇၄ | ၃၄ | ၃၃ | ၄ | ၃ | - | - | |
| ၂ | လူသုံးကုန်ပစ္စည်းမျိုးစုံ | ဖာ | ၃၆၇ | ၁၆၈ | ၁၆၂ | ၁၇ | ၂၀ | - | - | |
| | | ခု | ၁၄၄၄ | ၆၆၄ | ၆၅၀ | ၅၈ | ၇၂ | - | - | |
| | | ထုပ် | ၂ | - | - | ၁ | ၁ | - | - | |
| ၃ | အိမ်သုံးပစ္စည်းများ | ဖာ | ၂၀ | ၇ | ၇ | ၃ | ၃ | - | - | |
| ၄ | လျှပ်စစ်ပစ္စည်းမျိုးစုံ | ဖာ | ၈ | ၃ | ၃ | ၁ | ၁ | - | - | |
| ၅ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | ဖာ | ၂၉ | - | - | - | - | ၂၉ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

### ထိုင်းနိုင်ငံရောက်စေတနာရှင်များ လှူဒါန်းသည့်ပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ(၂၀-၅-၂၀၂၅ ရက်နေ့မှ ၂၇-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | မျိုး | ၂၂ | ၈ | ၈ | ၂ | ၄ | - | - | |
| ၂ | လူသုံးကုန်ပစ္စည်းမျိုးစုံ | မျိုး | ၁၆ | ၆ | ၆ | ၁ | ၃ | - | - | |
| ၃ | အိမ်သုံးပစ္စည်းများ | မျိုး | ၁ | ၁ | - | - | - | - | - | |
| ၄ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | မျိုး | ၁၀ | - | - | - | - | ၁၀ | - | ကျန်းမာရေးဝန်ကြီးဌာနသို့လွှဲပြောင်းပါသည်။ |

### သီရိလင်္ကာနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ(၂၀-၅-၂၀၂၅ ရက်နေ့မှ ၂၇-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ အရွယ်အစားမျိုးစုံ | လုံး | ၁၇ | - | - | - | - | - | ၁၇ | |
| ၂ | မီးစက် | လုံး | ၉ | ၃ | ၃ | ၁ | ၁ | ၁ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |
| ၃ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | ဖာ | ၁၉၀၇ | ၈၇၇ | ၈၅၆ | ၇၈ | ၉၆ | - | - | |
| | | ထုပ် | ၉၂ | ၄၂ | ၄၁ | ၄ | ၅ | - | - | |
| ၄ | လူသုံးကုန်ပစ္စည်းမျိုးစုံ | ဖာ | ၄၂၉ | ၁၉၈ | ၁၈၇ | ၁၉ | ၂၅ | - | - | |
| | | ထုပ် | ၃၁၀ | ၁၄၂ | ၁၃၈ | ၁၂ | ၁၈ | - | - | |
| | | ထည် | ၅၉ | ၂၇ | ၂၄ | ၄ | ၄ | - | - | |
| ၅ | အိမ်သုံးပစ္စည်းများ | ဖာ | ၆၇ | ၂၉ | ၂၉ | ၄ | ၅ | - | - | |
| | | စုံ | ၁၀၈ | ၄၉ | ၄၇ | ၅ | ၇ | - | - | |
| | | လုံး | ၂၃ | ၁၀ | ၉ | ၂ | ၂ | - | - | |
| ၆ | လျှပ်စစ်ပစ္စည်းမျိုးစုံ | ဖာ | ၂၁ | ၈ | ၈ | ၂ | ၃ | - | - | |
| ၇ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | ဖာ | ၆၁ | - | - | - | - | ၆၁ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

# ပါလက်စတိုင်းဒုက္ခသည်များကို ကူညီရေး UNRWA နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ရန် ဂျပန် ကတိပြု

တိုကျို မေ ၂၇

ဂျပန်ဝန်ကြီးချုပ် အီရှီဘာ ရှီဂဲရုသည် ဂါဇာကမ်းမြောင်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများ အလွန်ဆိုးရွားလာနေချိန်တွင် ပါလက်စတိုင်းဒုက္ခသည်များကို ပံ့ပိုးကူညီရန် အနီးကပ်ပူးပေါင်းလုပ်ဆောင်ရေးနှင့် ပတ်သက်ပြီး ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီ (UNRWA) အကြီးအကဲနှင့် သဘောတူလိုက်ကြောင်း သိရသည်။

ဝန်ကြီးချုပ် အီရှီဘာသည် UNRWA ကော်မရှင်နာချုပ် ဖီးလစ်ပီ လာဇာနီကို တိုကျိုမြို့ရှိ ဝန်ကြီးချုပ်ရုံး၌ မေ ၂၇ ရက်က လက်ခံတွေ့ဆုံခဲ့သည်။ ဝန်ကြီးချုပ်က အခက်အခဲ အကျပ်အတည်းများနှင့် ရင်ဆိုင်ကြုံတွေ့နေရသော ပါလက်စတိုင်းဒုက္ခသည်များကို ထောက်ပံ့ကူညီရာတွင် UNRWA ၏ ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြုကြောင်း ပြောကြားသည်။

ထို့ပြင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထောက်ပံ့ကူညီပေးနိုင်မည့် ဝန်းကျင်တစ်ရပ်ကို ထူထောင်ရန် အလွန်အရေးကြီးကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် အကောင်အထည်ဖော်အောင် ကြိုးပမ်းအားထုတ်သွားမည် ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

လာဇာနီကလည်း ယနေ့အချိန်အထိ ဂျပန်နိုင်ငံ၏ ထောက်ပံ့ကူညီမှုများကို အသိအမှတ်ပြုကြောင်း၊ ဂါဇာတွင် ဖြစ်ပျက်နေသည့် အခြေအနေများမှာ စိတ်ကူးနှင့်မှန်းဆ၍ပင် မရနိုင်ကြောင်း ပြောသည်။ ထို့ပြင် ဂါဇာကမ်းမြောင်ရှိ လူပေါင်း ၅၀၀၀၀၀ ခန့်မှာ ငတ်မွတ်ခေါင်းပါးမှုဘေးနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း ၎င်းက ဆက်ပြောသည်။

အင်န်အိတ်ချ်ကေ



UNRWA ကော်မရှင်နာချုပ် ဖီးလစ်ပီ လာဇာနီကိုနှင့် ဂျပန်ဝန်ကြီးချုပ် အီရှီဘာ ရှီဂဲရု။

# အရှေ့တောင်အာရှမှ အမေရိကန်သို့ ကုန်ပစ္စည်းတင်ပို့မှု မြင့်တက်လာ

ဝါရှင်တန် မေ ၂၇

အမေရိကန်၏ အပြန်အလှန်အခွန်စည်းကြပ်မှု ရက်ပေါင်း ၉၀ ဆိုင်းငံ့ထားမှု ကုန်ဆုံးရန် နီးကပ်လာသည်နှင့်အမျှ အရှေ့တောင်အာရှမှ အမေရိကန်သို့ ကုန်ပစ္စည်းတင်ပို့မှုမှာ မြင့်တက်လာကြောင်း သိရသည်။

ဧပြီလတွင် အရှေ့တောင်အာရှနိုင်ငံများမှ အမေရိကန်ပြည်ထောင်စုသို့ တင်ပို့သော ကုန်ပစ္စည်းများမှာ ပြီးခဲ့သည့်နှစ် အလားတူလနှင့် နှိုင်းယှဉ်လျှင် မြင့်တက်လာပြီး မလေးရှားနိုင်ငံမှ ၄၅ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံမှ ၃၄ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံမှ ၂၃ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

အီလက်ထရွန်နစ် ပစ္စည်းအစိတ်အပိုင်းများ၊ အဝတ်အထည်များ၊ မော်တော်ကားတာယာကဲ့သို့သော ရော်ဘာထုတ်ကုန်များ လျှင်မြန်စွာ မြင့်တက်လာခဲ့သည်။ ထရမ့်အစိုးရသည် ဗီယက်နမ်နိုင်ငံအပေါ် အခွန် ၄၆ ရာခိုင်နှုန်း စည်းကြပ်မည်ဟု ခြိမ်းခြောက်ထားပြီး ထိုင်းနိုင်ငံအပေါ် အခွန် ၃၆ ရာခိုင်နှုန်းနှင့် မလေးရှားနိုင်ငံအပေါ် အခွန် ၂၄ ရာခိုင်နှုန်း စည်းကြပ်ရန်လည်း အဆိုပြုထားသည်။

အရှေ့တောင်အာရှ တာဝန်ရှိသူများသည် အမေရိကန်နှင့် ညှိနှိုင်းဆွေးနွေးရန် အပြင်းအထန် ကြိုးပမ်းနေကြချိန်တွင် ကုမ္ပဏီများက သတ်မှတ်ထားသည့် အချိန်ထက် စောပြီး ကုန်ပစ္စည်းများကို တင်ပို့ရန် ကြိုးပမ်းနေကြောင်း သိရသည်။ သို့သော်လည်း ထိုကဲ့သို့ ဖြေရှင်းနည်းမှာ နောက်ထပ်ပြဿနာတစ်ရပ်ကို ဖန်တီးရာရောက်ပြီး ယခုနှစ် ဒုတိယနှစ်ဝက်တွင် ကုန်ပစ္စည်းတင်ပို့မှုများ ကျဆင်းသွားနိုင်ဖွယ်ရှိသည်။

အင်န်အိတ်ချ်ကေ




# အမေရိကန်တွင် ပညာမသင်ယူနိုင်တော့သည့် ကျောင်းသားများကို ဂျပန်တက္ကသိုလ်များ လက်ခံရန်စဉ်းစား

တိုကျို မေ ၂၇

အမေရိကန်ပြည်ထောင်စုတွင် ပညာဆက်လက်ဆည်းပူးနိုင်ခွင့်မရှိတော့သည့် နိုင်ငံတကာကျောင်းသားများအား လက်ခံခြင်း သို့မဟုတ် ပံ့ပိုးကူညီခြင်းများပြုလုပ်ရန် စဉ်းစားသင့်သည်ဟု နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်များကို ဂျပန်ပညာရေးဝန်ကြီးက တိုက်တွန်းပြောကြားလိုက်သည်။

နိုင်ငံတကာ ကျောင်းသားများကို ကျောင်းအပ်လက်ခံခြင်းမပြုရန် ဟားဗတ်တက္ကသိုလ်ကို တားမြစ်လိုက်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရက ကြေညာခဲ့သည်။

အမေရိကန်ခရိုင်တရားရုံးက အဆိုပါလုပ်ဆောင်မှုကို ယာယီပိတ်ပင်ထားသော်လည်း မစ္စတာ ဒေါ်နယ်ထရမ့်အစိုးရက တွန်းအားပေးလုပ်ဆောင်လျက်ရှိသည်။

အင်န်အိတ်ချ်ကေ

## ဖိလစ်ပိုင်၌ ပြင်းအား ၅ ဒသမ ၁ ရှိ ငလျင်လှုပ်

မနီလာ မေ ၂၇

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ အရှေ့ဘက် ကွေဇွန်ပြည်နယ်တွင် မေ ၂၇ ရက်က ပြင်းအား ၅ ဒသမ ၁ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ကြောင်း ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်တိုင်းတာရေးဌာန၏ အစီရင်ခံဖော်ပြချက်အရ သိရသည်။

ကွေဇွန်ပြည်နယ် ဂျနရယ်နာကာဒေသ၏ အနောက်မြောက်ဘက် ၂၄ ကီလိုမီတာခန့်အကွာ မြေအောက်အနက် ခြောက်ကီလိုမီတာကို ဗဟိုပြု၍ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၇ မိနစ်က လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါဌာနက ပြောသည်။

အဆိုပါငလျင်လှုပ်ခတ်မှုကြောင့် နောက်ဆက်တွဲငလျင်များ ဆက်လက်လှုပ်ခတ်နိုင်ပြီး ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ကြောင်း သတိပေးထားသည်။ ငလျင်လှုပ်ခတ်မှုကို ဖိလစ်ပိုင်နိုင်ငံ၏ မြို့တော် မနီလာမြို့တွင် သိရှိခံစားခဲ့ကြကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံသည် ပစိဖိတ်မီးကွင်းဒေသတစ်လျှောက် တည်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် မကြာမဏငလျင်လှုပ်ခတ်မှုများ ဖြစ်ပွားလေ့ရှိသည်။

ဆင်ဟွာ

# ဗီယက်နမ်နှင့် ပြင်သစ်ခေါင်းဆောင်များတွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်ရန် သဘောတူ

ဟနွိုင်း မေ ၂၇

ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး တိုလမ်က ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်နှင့် မေ ၂၇ ရက်တွင် ဟနွိုင်း၌ တွေ့ဆုံသည်။

၎င်းတို့နှစ်ဦးသည် လုံခြုံရေးကဏ္ဍ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကဏ္ဍ၊ နျူးကလီးယားစွမ်းအင်အပါအဝင် စွမ်းအင်ကဏ္ဍစသည့် နယ်ပယ်ကဏ္ဍများတွင် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူခဲ့ကြသည်။

မိမိတို့နှစ်ဦးကြားတွင် ထိုသို့လုပ်ဆောင်ခြင်းက ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်နိုင်ရန် လမ်းကြောင်းသစ်များနှင့် အခွင့်အလမ်းသစ်များကို သေချာပေါက် ဖန်တီးနိုင်မည်ဖြစ်ကြောင်း လမ်က ပြောကြားသည်။

နယ်ပယ်ကဏ္ဍစုံတွင်ဗီယက်နမ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် ပြင်းပြသော စိတ်ဆန္ဒရှိကြောင်း ပြင်သစ်သမ္မတ မက်ခရွန်က အတည်ပြုပြောကြားသည်။

ကာကွယ်ရေး၊ လေကြောင်း၊ စွမ်းအင်နှင့် ရထားလမ်းစသည့် နယ်ပယ်ကဏ္ဍများတွင် ယူရိုကိုးဘီလီယံတန်ဖိုးရှိ ကတိကဝတ်စာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြောင်း မက်ခရွန်က သတင်းထောက်များကို ပြောကြားသည်။

ယခုခရီးစဉ်သည် မက်ခရွန်အတွက် သမ္မတဖြစ်ချိန် ၂၀၁၇ ခုနှစ်မှစကာ ပထမဆုံး ခရီးစဉ်ဖြစ်သည်။ လွန်ခဲ့သော နှစ်က လမ်သည် ပြင်သစ်နိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့သည်။ ဗီယက်နမ်နိုင်ငံသည် ယခင်ကိုလိုနီအင်အားကြီးနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လိုကြောင်း ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ




# အမေရိကန်ပြည်ထောင်စုနှင့် စည်းကြပ်ခွန်ဆိုင်ရာ ဆွေးနွေးမှုများ လုပ်ဆောင်သွားမည်ဟု ဂျပန်ဝန်ကြီးချုပ် ပြော

တိုကျို မေ ၂၇

လာမည့်လတွင် ကျင်းပမည့် ဂျီ-၇ ထိပ်သီးအစည်းအဝေး၏ သီးသန့်တွေ့ဆုံဆွေးနွေးပွဲတစ်ခုတွင် အမေရိကန်ပြည်ထောင်စုနှင့် စည်းကြပ်ခွန်ဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်သွားရန် စီစဉ်ထားသည်ဟု ဂျပန်ဝန်ကြီးချုပ် အီရှီဘာ ရှီဂဲရုက ထုတ်ဖော်ပြောကြားခဲ့သည်။ ဂျီ-၇ ခေါင်းဆောင်များ၏အစည်းအဝေးကို ဇွန်လလယ်တွင် ကနေဒါနိုင်ငံ၌ ကျင်းပပြုလုပ်ရန် စီစဉ်ထားသည်။ နှစ်နိုင်ငံကုန်သွယ်ရေးညှိနှိုင်းမှုတွင် ဂျပန်နိုင်ငံက သဘောတူညီဆောက်ရေးကဏ္ဍတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်တစ်ရပ်ရေးဆွဲရန် ဂျပန်ဝန်ကြီးချုပ် မစ္စတာ အီရှီဘာက အဆိုပြုခဲ့သည်။

အင်န်အိတ်ချ်ကေ

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၆၇ ဦး ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၂၇

**နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။**



ထိုသို့ လွှဲပြောင်းပေးအပ်ရာတွင် ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး (KK Park) နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၆၆ ဦး၊ ချဒ်နိုင်ငံသားတစ်ဦး စုစုပေါင်း ၆၇ ဦးကို မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ပြည်နှင် လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ချဒ်သမ္မတနိုင်ငံသံရုံးမှ Counsellor Mr. Saad Ahmat Moussa နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Ms. Nguyen Thi Kim Chung နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၂၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၀၂ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၆၉၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၁၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများအား ခြိမ်းခြောက်ထိခိုက်မှုများ ရှိလာသည့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု အပါအဝင် အွန်လိုင်းဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက် ပြတ်ပြတ်သားသား တိုက်ဖျက်နှိမ်နင်းပြီး ထိန်းသိမ်းစစ်ဆေးလွှဲပြောင်းပေးလျက်ရှိပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်


နေပြည်တော် မေ ၂၇

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ ဩရိဿ ပြည်နယ်ကမ်းလွန်)တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း အရှိန်ကြောင့်လည်းကောင်း၊ မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ ဇွန် ၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၄ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၇-၅-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၈-၅-၂၀၂၅ ရက်နေ့မှ ၂၉-၅-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



❖ ကျောဖုံးမှ

အဆင်ပြေစွာ သယ်ယူပို့ဆောင်ပေးနိုင်ရေးအတွက် မြန်မာ့မီးရထား တာဝန်ရှိသူများနှင့် လုပ်သားများက လမ်းချော်ကျခဲ့သည့် ကျောက်ရထားအား ပြန်လည်မတင်ခြင်း၊ ရထားလမ်းပြုပြင်ဆောင်ရွက်ခြင်း လုပ်ငန်းများကို မေ၂၅ ရက်မှ ယနေ့အထိ နေ့/ည မပြတ်ဆောင်ရွက်ခဲ့ကြပြီး လမ်းပိုင်းအတွင်း စက်မှုအထူးရထားဖြင့် စမ်းသပ်ပြေးဆွဲ၍ ယနေ့ ညနေ ၅ နာရီခွဲအချိန်တွင် လမ်းပိုင်းအား ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရထားလမ်းပိုင်း ပြန်လည်ဖွင့်လှစ်မှုကြောင့် ပဲခူး-မော်လမြိုင် လမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် ကုန်ရထားနှင့် ကျောက်ရထားများအား ယနေ့မှစ၍ ပြန်လည်ပြေးဆွဲပေးလျက်ရှိပြီး လူစီးရထားများဖြစ်သည့် အမှတ်(၈၁) အဆန်နှင့် အမှတ်(၈၂)အစုန် ရန်ကုန်-မော်လမြိုင်-ရန်ကုန် လူစီးအမြန်ရထားများအား မေ ၂၈ ရက်မှစတင်၍ ပုံမှန်အတိုင်း ပြန်လည် ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ထို့ပြင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထု ရထားဖြင့် ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် အဓိက ရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန် - မော်လမြိုင်လမ်းပိုင်းများနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင်သာမက အခြားလမ်းပိုင်းများဖြစ်သော ပုသိမ်-ဟင်္သာတ-ကြံခင်းလမ်းပိုင်း၊ ပျဉ်းမနား-တောင်တွင်းကြီး လမ်းပိုင်း၊ ရန်ကုန် - ပြည် - ပုဂံလမ်းပိုင်း၊ မြစ်ကြီးနား- မိုးကောင်းလမ်းပိုင်း၊ လက်ပံတန်း - သာရဝေါလမ်းပိုင်း စသည့် လမ်းပိုင်းများတွင် လူစီးရထား ခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# "ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း" သုံးသပ်ဆွေးနွေးပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မေ ၂၇

ပြန်ကြားရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ( UMFCCI)၊ မြန်မာ့ပုံရိပ် ဖော်ညွှန်းရေးအဖွဲ့ (MNTT) တို့ ပူးပေါင်း၍ "ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း" သုံးသပ်ဆွေးနွေးပွဲကို မေ၃၀ ရက်နှင့် ၃၁ ရက်တွင် နေပြည်တော်ရှိ မင်္ဂလာသီရိ ဟိုတယ်တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို မေ ၃၀ ရက် နံနက် ၈ နာရီ မိနစ် ၂၀ မှ စတင်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ရုပ်သံလိုင်းများဖြစ်သော MRTV-HD ၊ MRTV News ၊ MRTV Parliament ၊ MRTV NRC ၊ MRTV Sports ၊ MRTV Farmers'၊ MITV နှင့် မိတ်ဖက်ရုပ်သံလိုင်းများဖြစ်ကြသော MWD-HD Channel ၊ MWD Variety – HD Channel တို့မှ လည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် FM များဖြစ်ကြသော ပတ္တမြား FM ၊ ချယ်ရီ FM ၊ FM ပုဂံ၊ မန္တလေး FM ၊ ပဥ္စဝတီ FM နှင့် ရွှေ FM တို့အပြင် မိတ်ဖက် FM ဖြစ်သည့် Star FM နှင့် သဇင် FMတို့မှလည်းကောင်း၊ MOI Website , Myanmar Narrative Facebook Page နှင့် Telegram ၊ MRTV Website, MRTV App နှင့် Social Media Platform တို့မှလည်းကောင်း တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့အပြင် ဖွင့်ပွဲအခမ်းအနားပြီးနောက် ခေါင်းစဉ်များအလိုက် သုံးသပ်ဆွေးနွေးပွဲများ ကျင်းပမှုကို MRTV Parliament Channel မှ တိုက်ရိုက် (Live)ပြသမှုနှင့်အတူ MOI Website , Myanmar Narrative Facebook Page နှင့် Telegram ၊ MRTV App, MRTV Telegram, Myanma TV Youtube Channel နှင့် MRTV Facebook တို့မှလည်း Live Streaming ဆက်လက်ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## “တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့အသိပေးခြင်း”

၁။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါ အခွင့်အရေးများ၊ နိုင်ငံတော်က လက်ခံထားသည့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များတွင် ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၃၀ အရ** ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့** သို့လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (ရုံးခွဲ) နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့သို့လည်းကောင်း လိပ်မူ၍ စာတိုက်မှဖြစ်စေ၊ သက်ဆိုင်ရာ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် ၀၁၈-၆၅၄၆၇၈၊ ကော်မရှင် e-mail လိပ်စာ ဖြစ်သော info@mnhrc.org.mm တို့မှ တစ်ဆင့်ဖြစ်စေ ပြုလုပ်နိုင်ပါသည်။

၃။ တိုင်ကြားရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ဖော်ပြရမည် ဖြစ်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေး ဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထား မိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၄။ ကော်မရှင်သည် ယင်းတိုင်ကြားချက်များကို စိစစ်ပြီး ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးခြင်း၊ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။


မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့ ပူးပေါင်း၍ Video Conference Expert Meeting ကျင်းပ

**နေပြည်တော် မေ ၂၇**

မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့ လက်မှတ်ရေးထိုးခဲ့သည့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစီအစဉ် (၂၀၂၄-၂၀၂၆) အရ “အကျိုးစီးပွားပဋိပက္ခ၊ ဝင်ငွေနှင့် အသုံးစရိတ်များ ဖွင့်ဟကြေညာခြင်းတို့နှင့်စပ်လျဉ်းသည့် အကြောင်းအရာများ အပါအဝင် အဂတိလိုက်စားမှုများအား တားဆီးကာကွယ်ခြင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ စည်းမျဉ်းဥပဒေပြဋ္ဌာန်းမှုများနှင့် ဥပဒေမူကြမ်းများ စစ်ဆေးအကဲဖြတ်ခြင်း” ခေါင်းစဉ်ဖြင့် ကျွမ်းကျင်ပညာရှင်များအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး၌ Online Format ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးမှ ကျွမ်းကျင်ပညာရှင်များ၊ ကော်မရှင်မှ တာဝန်ရှိသူများနှင့် အရာထမ်းများ တက်ရောက်ကြသည်။






ဦးစွာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး အမြဲတမ်းအတွင်းဝန် ဦးထိန်လင်းက အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မည့် စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့တွင် ပိုမိုထိရောက်စွာ ပူးပေါင်းပါဝင် လက်တွဲဖော်ဆောင်သွားရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးမှ Department of Supervision over Compliance with Anti-Corruption Laws ၏ ဒုတိယအကြီးအကဲဖြစ်သူ YUSUFOV Aslan Shikhzdayevich က Moderator ပြုလုပ်ပြီး Senior Prosecutor, VENETSKIY Mikhail Mikhailovich က “အစိုးရအရာရှိများ၏ အသုံးစရိတ်များသည် ၎င်းတို့၏ ဝင်ငွေနှင့် ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးခြင်းနယ်ပယ်တွင် အစိုးရရှေ့နေများက ၎င်းတို့၏ အခွင့်အာဏာများကို ကျင့်သုံးခြင်း အလေ့အထများ” နှင့်စပ်လျဉ်း၍လည်းကောင်း၊ Senior Prosecutor, ILYIN Aleksandr Andreyevich က “အကျိုးစီးပွားပဋိပက္ခများတားဆီးကာကွယ်ခြင်းနှင့် ဖြေရှင်းခြင်းနယ်ပယ်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေများ အကောင်အထည်ဖော်မှုအပေါ် အစိုးရရှေ့နေများ၏ ကြီးကြပ်ကွပ်ကဲမှု အလေ့အကျင့်” နှင့် စပ်လျဉ်း၍လည်းကောင်း၊ Senior Prosecutor, TARASOVA Diana Mikhailovna က “တည်ဆဲဥပဒေနှင့် ဥပဒေမူကြမ်းများတွင် အဂတိလိုက်စားမှုအန္တရာယ်များကို ဖော်ထုတ်မှု အလေ့အကျင့်” နှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဒေါ်ခင်ဖြူပွင့်က “အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပြဋ္ဌာန်းခဲ့မှုများနှင့် စိစစ်ပြင်ဆင်ခဲ့မှုများ” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးလင်းဝေအောင်က “ဝင်ငွေရလမ်းနှင့်ပိုင်ဆိုင်မှု ဖွင့်ဟကြေညာခြင်း” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါ်နန်းရတနာထွန်းက “အဂတိလိုက်စားမှု အန္တရာယ်ရှိမှုများအား ဆန်းစစ်လေ့လာခြင်း” ခေါင်းစဉ်နှင့်လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## လျှင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၇**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် မေ ၂၇ ရက်အထိ သေဆုံးသူ ၃၇၃၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၆၈ ဦး ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း ပြည်ပမှ ရှာဖွေကယ်ဆယ်ရေး အဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦး ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၁၆ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း ပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်း ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သတင်းစဉ်

**သစ်တောမှန်လျှောင် အသုံးဝင်၊**
**အစဉ်ထာဝရ ထိန်းသိမ်းကြ**

## ညောင်ဦးခရိုင်၌ ဆီထွက်သီးနှံ(မြေပဲ၊နှမ်း၊နေကြာ)အထွက်နှုန်းတိုးတက်ရေး နည်းပညာပေးသင်တန်းဖွင့်

**ညောင်ဦး မေ ၂၇**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်တောင်သူများ ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) အထွက်နှုန်းတိုးတက်ရေး နည်းပညာပေးသင်တန်းကို မေ ၂၇ ရက်က ခရိုင်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

အဆိုပါ နည်းပညာပေးသင်တန်းတွင် ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မင်းညိုက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးကိုကိုနိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသည့် ညောင်ဦးမြို့နယ် ကျေးလက်တောင်သူများ၊ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်တောင်သူများက သိရှိလိုသည်များ မေးမြန်းကြရာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ တာဝန်ရှိသူများက (မြေပဲ၊ နှမ်း၊ နေကြာ) အထွက်နှုန်း တိုးတက်ရေးအတွက် မေးမြန်းသည်များ ပြန်လည်ဖြေကြား ဆွေးနွေးသည်။





ဒီပါလင်း

## ဥတ္တရသီရိမြို့နယ်၌ သမဝါယမအသင်းများအား မျိုးစပါးနှင့် သွင်းအားစုများထောက်ပံ့



**နေပြည်တော် မေ ၂၇**

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်မည့် စီမံကိန်းသီးနှံ မိုးစပါး စိုက်ပျိုးရေးလုပ်ငန်းအတွက် တစ်ဧကေ သတ်မှတ်ပန်းတိုင်ထွက်ရှိရေး မျိုးစပါးနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ဥတ္တရသီရိမြို့နယ် သမဝါယမဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် အောင်နိုင်တိုးမျိုးနှင့် သွင်းအားစုထောက်ပံ့ပေးခြင်းကို နေပြည်တော် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးက ပေးအပ်ရာ မျိုးထောက်ပံ့ပေးခြင်းကို အသင်းများကိုယ်စား ရွာသာစိုက်ပျိုးရေးနှင့်အထွေထွေသမဝါယမအသင်းဥက္ကဋ္ဌ ဦးစံလှိုင်နှင့် သွင်းအားစု ထောက်ပံ့ပေးခြင်းကို အသင်းများကိုယ်စား မင်းကုန်း စိုက်ပျိုးရေးနှင့်အထွေထွေ သမဝါယမအသင်း ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက လက်ခံခဲ့သည်။

သတင်းစဉ်

# မင်းဘူး(စကု)မြို့နယ်၌ ကျေးလက်ဒေသ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ကွင်းဆင်းဆောင်ရွက်

**မင်းဘူး မေ ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ်၌ တိုင်းဒေသကြီး အမျိုးသမီးရေးရာ အဖွဲ့က ဦးဆောင်ပြီး ကျေးလက်ဒေသ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် လုပ်ငန်းများကို မေ ၂၆ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ရာ မကွေးတိုင်း ဒေသကြီး အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်ဝင်းဝင်းမြင့်၊ တိုင်းဒေသကြီး အမျိုး သမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဥမ္မာဆွေနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များက ရွာသာယာကျေးရွာရှိ အိုးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သည့် ဒေါ်ယဉ်သန်း ၏နေအိမ်၌ အမျိုးသမီးများ ဦးဆောင်ကာ မိရိုးဖလာ တစ်ပိုင်တစ်နိုင် အိုးလုပ်ငန်းနှင့် မြေအိုးအမျိုးမျိုးအား အဆင့်ဆင့်ပြုလုပ် ဆောင်ရွက်နေမှု၊ တိုင်းဒေသကြီးအတွင်း ၌ "ရွာသာယာအိုး" ဟု နာမည်ကြီးသော အိုးဖုတ်လုပ်ငန်းရှင် ဦးဇော်မျိုး၏ လုပ်ငန်းခွင်အတွင်း အိုးဖုတ်၊ အိုးထုတ် လုပ်ငန်းများ အဆင့်ဆင့်လုပ်ကိုင် ဆောင်ရွက်နေမှုနှင့် ဒေါ်နွယ်နွယ်၏ နေအိမ် ၌ ကိတ်မုန့်၊ ပေါင်မုန့် အဆင့်ဆင့်ထုတ်လုပ် ပြီး ဈေးကွက်သို့ တင်ပို့ဖြန့်ဖြူးရောင်းချ နေမှုများကို သွားရောက်ကြည့်ရှုလေ့လာ ကြသည်။

ထို့နောက် တာဝန်ရှိသူများသည် ဖလံရုံကျေးရွာရှိ ဇမ္ဗူရတနာသိဒ္ဓိ ဘုန်းတော်ကြီးကျောင်းတိုက် အနန္တသုခ ဓမ္မာရုံ၌ ကျင်းပသည့် ကျေးလက်ဒေသ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံ ချက် ကွင်းဆင်းဆောင်ရွက်ခြင်း အခမ်း အနားသို့တက်ရောက်၍ ဆယ်အိမ်စုမှူး များ၊ ကျေးရွာအဖွဲ့ဝင်များ၊ ဒေသခံအမျိုး သမီးများနှင့် တွေ့ဆုံသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသ ကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ဝင်းဝင်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီးအမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကျေးလက်ဒေသ အမျိုးသမီးများ ဖွံ့ဖြိုး တိုးတက်ရေးစီမံချက် စာရင်းဝင်စံပြ ကျေးရွာဖြစ်သည့် ဖလံရုံကျေးရွာ၌ အမျိုး သမီးများကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက် ရေးစီမံချက်လုပ်ငန်းများ ကွင်းဆင်းဆောင် ရွက်ရခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ ကျန်းမာသန့်ရှင်းရေး၊ သွေးလွန်တုပ်ကွေး ရောဂါကြိုတင်ကာကွယ်ရေး၊ ကိုယ်ဝန် ဆောင်မိခင်နှင့် ရင်သွေးငယ်များ၏ ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောခြင်းကိုလည်းကောင်း၊ ပိုလီယို ကလေးငယ် ၁၂ ဦးအား မျက်နှာသုတ်ပဝါ၊ မုန့်နှင့် အလှူငွေများ ပေးအပ်ခြင်းနှင့် **ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုး တိုးတက်ရေး** စကားဝိုင်းအဖြစ် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ဥပဒေရေးရာ ဆွေးနွေးခြင်းများကို လည်းကောင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



# အထက(ရွာသစ်)တွင် ကျောင်းအခြေပြု သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအသိပညာပေး

**အိမ်မဲ မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ညွှန်ကြားမှုဖြင့် ဧရာဝတီတိုင်း ဒေသကြီး မြောင်းမြခရိုင် အိမ်မဲ မြို့နယ် ရွာသစ်ကျေးရွာ အထက (ရွာသစ်)တွင် ကျောင်းအခြေပြု သွေးလွန်တုပ်ကွေး ရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာ ပေးဆွေးနွေးပွဲနှင့် ပညာပေးခြင်း လုပ်ငန်းကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါကျောင်း၏ ပညာ ရတနာခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြောင်းမြ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းငွေးက အမှာစကား ပြောကြားပြီး မြို့နယ်ပြည်သူ့ ကျန်းမာရေးနှင့် ကုသရေးဦးစီး ဌာနမှူး ဒေါက်တာမျိုးကျော် အောင်က သွေးလွန်တုပ်ကွေး ရောဂါကာကွယ်နှိမ်နင်းရေးနှင့် ပတ်သက်ပြီး ကြိုတင်ကာကွယ် ရေးနည်းလမ်းများ၊ မြောင်းမြခရိုင် ပြည်သူ့ဆေးရုံကြီးမှ ကလေး အထူးကုဆရာဝန် ဒေါက်တာ ရဲထွဋ်က သွေးလွန်တုပ်ကွေးရောဂါ အန္တရာယ်လက္ခဏာများနှင့် ကုသ ရေးလုပ်ငန်းများကို ရှင်းလင်း ပြောကြားပြီး သိရှိလိုသည်များ ကို ပြန်လည်ဖြေကြားသည်။

**အိမ်မဲ (ပြန်/ဆက်)**

# တွံတေးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းဆောင်ရွက်

**တွံတေး မေ ၂၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Pfizer ထိုးနှံခြင်းကို ယမန်နေ့က တွံတေးမြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမစုရပ်၌ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ မျိုးဇော်လှဦးဆောင်၍ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက အသက် ၁၈ နှစ်အထက် ပြည်သူများအား ပထမအကြိမ်နှင့် နောက်ဆုံးအကြိမ် ကာကွယ်ဆေးထိုးနှံပြီးကာလ ခြောက်လပြည့်ပြီးသူများအား ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**



# ဒက္ခိဏသီရိမြို့နယ်၌ ကျေးလက်ရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်

**နေပြည်တော် မေ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေး ခရိုင် ဒက္ခိဏသီရိမြို့နယ်အတွင်း ရာဂီမုန်တိုင်း ကြောင့် ပျက်စီးသွားသည့် စက်ရေတွင်း ပြန်လည်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်း များ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက ခရိုင်ဦးစီးမှူး ဦးမျိုးတင့် နှင့် မြို့နယ်မှ အင်ဂျင်နီယာဝန်ထမ်းများသည် ညောင်ကုန်းခေတ်မီစံပြကျေးရွာတွင် သဘာဝ ဘေးရာဂီမုန်တိုင်းကြောင့် ပျက်စီးသွားသည့် အနက်ပေ ၄၀၀၊ အကျယ် လေးလက်မခွဲရှိ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်း များ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၁၅ ဒသမ ၀၅ သန်းဖြင့် ခရိုင်/ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများနှင့် ကျေးရွာသူ ကျေးရွာသားများက စုပေါင်း အကောင်အထည်ဖော်ခြင်းဖြစ်သည်။ **မောင်ခိုင်**

# မှော်ဘီမြို့နယ် မြောက်ချောကုန်းကျေးရွာ၌ စက်ချုပ်နည်းပညာသင်တန်းဖွင့်

**ရန်ကုန် မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ စက်ချုပ်နည်းပညာသင်တန်းကို ယမန်နေ့က မှော်ဘီမြို့နယ် မြောက်ချောကုန်းကျေးရွာရှိ ပန်းတစ်ပွင့်တောင်မုခ်ဦးကျောင်းတိုက် တွင် ဖွင့်လှစ်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းက အမှာစကားပြောကြားပြီး ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြား ရေးမှူး ဦးရဲဇော်ထွန်းက စီမံကိန်းရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားသည်။



အဆိုပါ စက်ချုပ်နည်းပညာသင်တန်းကို တစ်လကြာ စာတွေ့ ၃၀ ရာခိုင်နှုန်းနှင့် လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြားပို့ချပေးသွားမည် ဖြစ်ပြီး သင်တန်းသူ ၁၅ ဦး တက်ရောက်လျက်ရှိသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# ညောင်တုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ကြေးပေးအပ်

**ညောင်တုန်း မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာသင်ကြေး ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမျိုးကျော် က အမှာစကား ပြောကြားသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီး များဖြစ်သော တက္ကသိုလ်အဆင့် ခုနစ်ဦး၊ အထက်တန်းအဆင့် ကိုးဦး၊ အလယ်တန်းအဆင့် ခုနစ်ဦး၊ မူလတန်းအဆင့် ၃၀ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၅၃ ဦးတို့အား မြို့နယ်အုပ်ချုပ်ရေးမှူး၊ မိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပညာသင်ကြေးများပေးအပ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




## ပြည်သူကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၂၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်း ဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစား ချက် စကားသံများကို သဇင် FM ၏ "ပြည်သူကြားက ပြည်သူ့စကား" အစီအစဉ် မှ **"နိုင်ငံတကာ ထောက်ခံမှုရရှိဖို့အတွက် သတင်းလိမ်လည်ဖို့ ကြိုးစားလာတဲ့ NUG၊ PDF"** ခေါင်းစဉ်ဖြင့် မေ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပြည်သူ့ကျိန်စာတန်ပြန်ခံနေရတဲ့ PDF များ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက် မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသ ပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၃၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည် ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာ သည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက် ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းမှ Bakery & Snack အမျိုးမျိုးထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

မကွေး မေ ၂၇

မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကျင်းပပြုလုပ်သည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၄)ဖြင့် “Bakery & Snack ” အမျိုးမျိုးထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးက ယခုသင်တန်းတွင် လူငယ်၊ လူလတ်များ ပညာတတ်မြောက်ပြီး ဝင်ငွေရရှိသော လုပ်ငန်းထူထောင်နိုင်စေရန်၊ လူစွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန်၊ ပြည်တွင်းဖြစ် နိုင်ငံခြားစံချိန်မီ အရည်အသွေးကောင်းမွန်သော စားသောက်ကုန် လုပ်ငန်းများ ပေါ်ထွက်လာစေရန်၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး အာဟာရပြည့်ဝသော စားသောက်ကုန်များကို သန့်ရှင်းသပ်ရပ်စွာ ထုတ်လုပ်တတ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းသုံးပစ္စည်းများကို လိုက်လံကြည့်ရှုသည်။ အဆိုပါသင်တန်းအား မေ ၂၇ ရက်မှ ဇွန် ၂ ရက်အထိ ဖွင့်လှစ်သင်ကြား ပေးမည်ဖြစ်ပြီး သင်တန်းကို သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၅ ဦး တက်ရောက် သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

မောင်နိုင်မင်း (ပြန်/ဆက်)

## AFC Grassroots Football Day 2025 အခမ်းအနား သုဝဏ္ဏကွင်း၌ကျင်းပ

ရန်ကုန် မေ ၂၇

AFC Grassroots Football Day 2025 အခမ်းအနားကို မေ ၂၇ ရက် နံနက်ပိုင်းက သုဝဏ္ဏကွင်း၌ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ နည်းပြဆရာများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ကွင်းအတွင်း ဘောလုံးများကန်သွင်းကာ AFC Grassroots Football Day 2025 အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နည်းပြဆရာများက အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများကို အခြေခံဘောလုံးပညာများ သင်ကြားပေးခဲ့သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MFF



## သထုံမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

သထုံ မေ ၂၇

မွန်ပြည်နယ် သထုံမြို့နယ်၏ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက သထုံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း နဝဒေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန့်ဇင်ထွန်းက အမှာစကား ပြောကြားသည်။



ဆက်လက်၍ သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးစိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ပညာရေးဝန်ကြီးဌာနမှ အခမဲ့ဖြန့်ဝေသည့် ကျောင်းသုံးဗလာစာအုပ်၊ ပုံနှိပ်စာအုပ်၊ ကျောင်းသုံးပစ္စည်းများနှင့် ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးအပ်ရာ အခြေခံပညာ ကျောင်းအလိုက် ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

ခရိုင် (ပြန်/ဆက်)

## ဗဟန်းမြို့နယ်၌ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မိုးဦးပန်းခန်းမ၌ ကျင်းပရာ ဗဟန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံဝင်းက အမှာစကားပြောကြားသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများကို နိုင်ငံတော်မှ(အခမဲ့)ဖြန့်ဝေသော ပုံနှိပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်များနှင့်ကျောင်းဝတ်စုံများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူးနှင့်တာဝန်ရှိသူများက ပေးအပ်ကြသည်။ နေလင်း(ပြန်/ဆက်)



## သနပ်ပင်မြို့နယ်၌ ၂၀၂၅ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

သနပ်ပင် မေ ၂၇

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခြင်းကို ယနေ့ နံနက် ၁၀ နာရီက သနပ်ပင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ဆောင်ရွက်သည်။

ဦးစွာ သနပ်ပင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဦးကျော်ဇေယျက ချေးငွေထုတ်တောင်သူများ သိရှိလိုက်နာရမည့် ဘဏ်ချေးငွေဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများအား ရှင်းလင်းပြောကြားကာ ၂၀၂၅မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ အကြေအလည်ပေးဆပ်ပြီးဖြစ်သည့် ကျေးရွာများအား လယ်မြေတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)



## ပြည်မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ

ပြည် မေ ၂၇

၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်မြို့နယ်၏ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူး ဝင်းဟန်ဇော်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်မြို့နယ်ရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံတော်က အခမဲ့ဖြန့်ဝေပေးသော ကျောင်းသုံးဗလာစာအုပ်၊ ပုံနှိပ်ပြဋ္ဌာန်းစာအုပ်၊ ဘောပင်၊ ခဲတံနှင့် ကျောင်းဝတ်စုံပစ္စည်းများကို တာဝန်ရှိသူများက သက်ဆိုင်ရာကျောင်းအုပ်ကြီးများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)



## လူထုအခြေပြုဗဟိုဌာန (ဗဟန်း) ၌ ကမ္ဘာ့တစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေး၊ စုပေါင်းအားဖြင့် ဆောင်ရွက်ပေးခေါင်းစဉ်ဖြင့် အသိပညာပေး

ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးနှင့်ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ဗဟန်း) တို့ ပူးပေါင်း၍ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အကြိုအဖြစ် “ကမ္ဘာ့တစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေး၊စုပေါင်းအားဖြင့် ဆောင်ရွက်ပေး” ခေါင်းစဉ်ဖြင့် အသိပညာပေး Talk Show ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လူထုအခြေပြုဗဟိုဌာန(ဗဟန်း)၌ ပြုလုပ်သည်။




ဆွေးနွေးပွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင်(ဗဟန်း)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က Talk Show ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မြတ်သွယ်က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဖြစ်ပေါ်လာပုံ၊ ၂၀၂၅ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်နှင့်ရည်ရွယ်ချက်၊ ပလတ်စတစ်စတင်ဖြစ်ပေါ်လာမှုနှင့် ပလတ်စတစ်သုံးစွဲမှု များပြားလာရသည့် အကြောင်းရင်းများကို ဆွေးနွေးပြောကြားခြင်း၊ ပလတ်စတစ်များကို အသုံးပြုသည့်အခါ ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်အပေါ်ထိခိုက်မှုများနှင့် ပလတ်စတစ်ညစ်ညမ်းမှုကို လျှော့ချရမည့်နည်းလမ်းများ၊ လိုက်နာဆောင်ရွက်ရမည့်အချက်များ အစရှိသည်တို့ကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော်　မေ ၂၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မေ ၂၃ ရက်တွင် မကွေးမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀) ကိုလည်းကောင်း၊ မေ ၂၆ ရက်တွင် အောင်လံမြို့နယ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မေ ၂၆ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မိုးညှင်းမြို့နယ် နန့်ပုတ်ကျေးရွာအနီးတွင် လိုင်စင်မဲ့မော်တော်ယာဉ်လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တရားမဝင်စက်သုံးဆီ၊ ဒီဇယ်ဆီ ၁၃ ပီပါ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၁၀၀၀၀၀) ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၁၀၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ဇာသပြင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ သာမညမှ မော်လမြိုင်မြို့သို့သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၉၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hilux တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၉၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ တရားမဝင်စက်သုံးဆီ၊ ဒီဇယ်ဆီ ၆၃ ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၃၇၀၀၀၀)ကိုရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၄၉၃၇၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက်အနီး၌ ကျိုက်ထိုမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၁၆၀၀၀)၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)နှင့် ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ သာမညမှ ရန်ကုန်မြို့သို့သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၅၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင်သစ်မာ ၃ ဒသမ ၀၅၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၆၈၅၆) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၇၄၂၈၅၆ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ် ရတနာပုံတံတား (နွားပေါက်) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်စက်သုံးဆီ၊ ဒီဇယ်ဆီ ၉၆ ပီပါ၊ ဓာတ်ဆီ ၂၃ ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၃၉၈၀၃၈)ကို ရေနံနှင့် ရေနံထွက်ပစ္စည်း ဆိုင်ရာဥပဒေအရ လည်းကောင်း၊ ရန်ကုန်-မန္တလေး လမ်းဟောင်း ပလိပ်မြို့အနီး၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး၊ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၂၅၉၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီး၊ Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၆၄၂၃၉၃၈ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မအူပင်မြို့နယ်၊ ပုသိမ်မြို့နယ်၊ မြောင်းမြမြို့နယ်နှင့် ဖျာပုံမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်လေးစီး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၆၁၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၇၅၆၄၀၀) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၂၃၁၈၄၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၉၈၈၂၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ မေ ၂၃ ရက်နှင့် ၂၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၇၂ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၂၄၇၅၀၃၄)ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ၂၀၂၅ ခုနှစ် ဇွန်လ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော်　မေ ၂၇**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအတင့်အသင့်မှ အားကောင်းနိုင်ပါသည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း) တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂၂ ရက်မှ ၂၇ ရက်ခန့်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တို့တွင် ၁၆ ရက်မှ ၂၁ ရက်ခန့်၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၁၀ ရက်မှ ၁၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁၁ ပေမှ ၁၅ ပေခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့်မုံရွာမြို့တို့တွင် ၁၀ ပေမှ ၁၅ ပေခန့် လက်ရှိရေမှတ် များထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ခုနစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် သုံးပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ငါးပေမှ ခုနစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် သုံးပေမှ ငါးပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် လေးပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ငါးပေမှ ရှစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ခုနစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ခုနစ်ပေခန့်၊ ဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၁၀ ပေခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် လေးပေခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် သုံးပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ငါးပေခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်ပါသည်။

**မိုး/ဇလ**

## လမ်းမတော်မြို့နယ်၌ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးအခမ်းအနား ကျင်းပ



**ရန်ကုန်　မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေး အခမ်းအနားကျင်းပရာ အခြေခံပညာမူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများကို နိုင်ငံတော်မှ အခမဲ့ဖြန့်ဝေပေးသော ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်နှင့် ကျောင်းဝတ်စုံများကို ကျောက်တံတားခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

## ပျောက်ဆုံးကြောင်း

ကနီမြို့နယ်၊ ကျောက်လှေကားရွာနေ ဦးမှတ်ကျော်၏သား ဦးဆန်းနိုင်ဝင်း ၅/ကနန(နိုင်)၀၄၇၇၀၅ ၏ နိုင်ငံကူးလက်မှတ် နံပါတ် MD-732742 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၂၄၄၂၈၇၉

## ပျောက်ဆုံးကြောင်း

ကနီမြို့နယ်၊ ကျောင်းလယ်ရွာနေ ဦးခင်မောင်အေး၏သမီး မခင်မျိုးဝေ ၅/ကနန(နိုင်)၁၄၁၃၃၁၏ နိုင်ငံကူးလက်မှတ်နံပါတ် မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၇၃၆၄၃၅၈

## မိဘအမည်မှန်

ပူတာအိုမြို့နယ် အထက (ဆန်ဂေါင်)ကျောင်း G-10 မှ မဂီးယော်ဆဲ၏ မိဘအမည်မှန်မှာ ဦးခီဒီနှင့် ဒေါ်အားဂီးဇီ ဖြစ်ပါသည်။

## အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် T/4348၏ အင်္ဂလိပ် ဖောင်းကြွနံပါတ် ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရွှေဘို)ရွှေဘိုမြို့

## အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6A/4216 ၏ အင်္ဂလိပ် ဖောင်းကြွနံပါတ် ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရွှေဘို)
ရွှေဘိုမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၅ယ/၅၆၁၃၉ ယာဉ်လက်ဝယ်ရှိသူ ဦးကိုချစ်မောင်မောင် ၁၁/စတန(နိုင်) ၀၆၆၂၄၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊
မော်လမြိုင်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၂၆၉၉၀ ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းဝင်း ၁၀/ကမရ(နိုင်) ၀၅၉၅၃၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊
မော်လမြိုင်မြို့

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက် ရပ်ကွက်၊ ဖန်လ်ချက်စက်လမ်းနှင့်ဆန်စက်လမ်းကြား၊ မုဒိတာအိမ်ရာ(၇) ၊ ပေါက်တော၀ ၊ အမှတ်(၈၉၅)၊ တိုက်အမှတ်(A)၊ ၂-လွှာ၊ ပထမထပ်၊ အခန်းအမှတ်(2A-234)တိုက် ခန်းအပါအဝင် အဆိုပါတိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်တင်မြင့် ၁၁/အမန(နိုင်) ၀၀၀၇၇၂ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးအောင်ဖြိုးသူ ၇/ပတန(နိုင်) ၁၅၆ ၃၆၄က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)** — **ဒေါ်ခင်စောသိန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ဖခင်အမည်မှန်

ပူတာအိုမြို့နယ် အထက (ဆန်ဂေါင်) ကျောင်း G-10 မှ မသူဇာနွယ်၏ ဖခင်အမည်မှန်မှာ ဦးအာဖူဟဲသား ၁/ပတအ (နိုင်) ၀၀၉၇၈၀ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ပူတာအိုမြို့နယ် အထက (ဆန်ဂေါင်)ကျောင်း Grade-12 မှ မ ဒိန်ခေါင်လွန်းဇီ၏ ဖခင်အမည်မှန်မှာ ဦးဒိန်ခေါင်ဆင် ၁/ပတအ(နိုင်)၀၀၇၀၀၁ ဖြစ်ပါသည်။

## အမည်မှန်နှင့်ဖခင်အမည်မှန်

ပူတာအိုမြို့နယ် အထက (ဆန်ဂေါင်)ကျောင်း G-12 မှ မနန်ဆိန်အက်စ်ထွေး၏ အမည်မှန်မှာ မနန်ဆိန်အက်စ်ထွေနှင့် ဖခင်အမည်မှန် ဦးနန်ဆိန် ဒီးရမ် ဖြစ်ပါသည်။

## မိခင်အမည်မှန်

ပူတာအိုမြို့နယ် အထက (ဆန်ဂေါင်) ကျောင်း G-10မှ မငွါးမာဒူး၏ မိခင်အမည်မှန်မှာ ဒေါ်နားချယ်တီ ၁/ပတအ (နိုင်) ၀၄၁၇၅၇ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/66182, Honda Scoopyi-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထက်အောင် ၉/ငဇန(နိုင်)၀၈၀၈၉၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5C/1687, MITSUBISHI PAJERO V 46,S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်သက် ၈/ခမန(နိုင်)၀၀၉၆၃၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/31344, Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်သန့် ၉/မရမ(နိုင်) ၀၀၀၆၆၄က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/63412, Thai Anbo-125 , M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်ရီ ၉/ညဥန(နိုင်) ၁၁၈၉၂၇က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 17W/97200, HiBAO 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်နု ၉/မခန(နိုင်)၀၅၅၈၉၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/70929, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်သန်း ၉/ပကခ(နိုင်) ၀၁၀၂၂၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

## မွန်ပြည်နယ်အစိုးရအဖွဲ့ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း၊တံတားနှင့်အခြားတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် စိတ်ပါဝင်စားသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာရောင်းချမည့် ရက်/အချိန်** | - (၃၀-၅-၂၀၂၅)ရက်(သောကြာနေ့) မှ (၁၂-၆-၂၀၂၅)ရက် (ကြာသပတေးနေ့)ထိ နံနက် (၉:၃၀)နာရီမှ ညနေ (၄:၃၀) နာရီအတွင်း |
| (ခ) | **တင်ဒါအဆိုပြုလွှာနောက်ဆုံး တင်သွင်းရမည့်ရက်၊အချိန်** | - ၁၂-၆-၂၀၂၅ရက် (ကြာသပတေးနေ့)ညနေ(၄:၃၀)နာရီ |
| (ဂ) | **နေရာ** | - မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ကျိုက္ခမီလမ်း၊ မောင်ငံရပ်၊ မော်လမြိုင်မြို့ |

၂။ တင်ဒါဖွင့်လှစ်မည့်ရက်အား ထပ်မံကြေညာပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၉-၈၇၉၈၃၉၀၂၂ နှင့် ၀၉-၅၂၁၄၂၀၃ တို့သို့ဖြစ်စေ၊ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ ကွင်းအမှတ် - ၃၉(ဃ) ဘုရားကိုင်ကွင်း၊ ဦးပိုင်အမှတ် (၂၁၈)၊ မြေဧရိယာ ၀ ဒသမ ၀၄၆ ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၃၇၀/ ၁၉၉၇-၁၉၉၈ အရ ဦးဖေသန်း၊ ဒေါ်ပိုအမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူ၏ဇနီးဖြစ်သူ ဒေါ်ပိုထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၅/၂၀၁၆) ဖြင့် ဦးမြင့်ဇော် ၊ ဒေါ်နုနုကြည်တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးမြင့်ဇော် ၆/ကစန(နိုင်)၀၄၈၅၆၄၊ ဒေါ်နုနုကြည် ၆/ကစန(နိုင်) ၀၃၀၀၉၇ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ ကန်ခေါင်းရပ်ကွက်၊ အကွက်အမှတ်(၁၉-ခ) အကွက်အမည်၊ ကန်ခေါင်းကွင်း၊ ဦးပိုင်အမှတ် (က/၁၂၂)+(စ/၁၂၁)၊ စုစုပေါင်း မြေဧရိယာ ၀ ဒသမ ၀၅၉ ဧကကို ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဒေါ်ခင်အေးဝင်းမှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ ခုနှစ်၊ ဇွန်လ(၂၂) ရက် မတိုင်မီဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွအောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြိတ်မြို့**

## ဖခင်အမည်မှန်

ပူတာအိုမြို့၊ အထက ဆန်ဂေါင်ကျောင်း Grade - 10မှ မောင်ဂျေဖူးဒွေ့၏ ဖခင်အမည်မှန်မှာ ဦးခီယိုတား ၁/ပတအ(နိုင်)၀၃၈၉၂၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပူတာအိုမြို့၊ အထက ဆန်ဂေါင်ကျောင်း Grade-10မှ မောင်ဂျေဖူးထွေနှင့် မညီးမီဆာတို့၏ ဖခင်အမည်မှန်မှာ ဦးဖူးယိုချီ ၁/ပတအ(နိုင်)၀၃၈၀၇၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၈) Grade-12(A) ဇီဝဗေဒမှ မောင်နေလင်းဦး ၁၃/တကန(နိုင်)၃၆၇၇၂၁ ၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ဆွေ ၁၃/ညရန(နိုင်)၀၃၁၆၀၉ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ ဘိုးပိုက်ဆံ(၁) ရပ်ကွက်၊ အထက(၁)မှ Grade-8 အောင်မြင်သော မရွှေဇင်ဦး၏ ဖခင်အမည်မှန်မှာ စောနေဝင်းနောင် ၇/ကတခ(နိုင်)၁၂၆၃၃၁ ဖြစ်ပါကြောင်း။

စောနေဝင်းနောင်

## အမည်မှန်

(ဘ)ဦးခွန်ထွန်းစိန်၏သမီး တောင်ကြီးမြို့၊ အလက(ခွဲ) ထီရိုး Grade-3 မှ နန်းချမ်းလီ၏ အမည်မှန်မှာ နန်းလှခမ်း ဖြစ်ပါကြောင်း။

## အမည်မှန်

(ဘ)ဦးရွှေလှ၏ သမီး တောင်ကြီးမြို့၊ အလက(ခွဲ) ထီရိုး Grade-10 မှ နန်းချော၏ အမည်မှန်မှာ နန်းမခမ်း ဖြစ်ပါကြောင်း။

## အမည်မှန်

(ဘ)ဦးခွန်နေမျိုး ၏သမီး တောင်ကြီးမြို့၊ အလက(ခွဲ) ထီရိုး Grade-3 မှ နန်းလာလေရှူး၏ အမည်မှန်မှာ နန်းနီလာဝင်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ အထက(၂)မှ အလယ်တန်းပြဆရာမ မခင်ကြည်(ခ) ဒေါ်နန်းခင်ကြည် ၁၃/တကန(နိုင်)၁၀၁၆၄၆မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အမည်မှန် မွေးသက္ကရာဇ်မှန်၊ မိဘအမည်မှန်

မိုးနဲမြို့၊ အထက Grade-10 မှ မောင်စိုင်းကျော်အေး၏ အမည်မှန်မှာ စိုင်းကျော်အေး ၁၃/မနန(နိုင်)၀၄၁၃၃၄နှင့် မွေးသက္ကရာဇ်အမှန်မှာ ၂၃-၈-၂၀၀၈ဖြစ်ပြီး မိဘအမည်မှန်မှာ ဦးအိုက်ဆိုင် ၁၃/နစန(နိုင်) ၀၈၇၈၃၀၊ နန်းဆိုင်စော ၁၃/မဆတ(နိုင်)၀၄၈၆၉၂ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၁၉၈၈)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဦးမှုအမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်မျိုးချစ်စုကျော်၊ ၁၂/အလန(နိုင်) ၀၄၂၇၀၆ မှ ပျဉ်းမနားမြို့မြေတိုးချဲ့ရေးကော်မတီ၏ အိမ်ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့် တင်ပြရန်အတွက် မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၁၇၄)ဟုခေါ် တွင်သော အကျယ်အဝန်း ( $\frac{22}{24}x\frac{24}{28}x$ )ပေရှိ ခြံမြေနှင့်နေအိမ်ကို အကျိုးခံစားခွင့်ရရှိထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဦးလှအေး(၁၂/အစန(နိုင်) ၀၅၇၁၈၆) ပါအမွေဆိုင်(၄)ဦးထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သူဇာဦး (၄/မတပ (နိုင်)၀၄၁၉၆၀)က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်သူမရှိပါက အဆိုပါ အိမ်ခြံမြေ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သူဇာဦး (၄/မတပ(နိုင်)၀၄၁၉၆၀)၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသဲမောင်ကြည် (ဥပဒေတွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၃၃၅)**
**အမှတ်(၂၆၁)၊စံပယ်လမ်း၊ (၃/က)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့၊**
